# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၂၅)


## ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီးလာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်သစ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြင်သစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ၂၀၀၇ခုနှစ် မေလ၁၆ရက်နေ့တွင် စတင်တာဝန်ထမ်းရွက်သည့် မစ္စတာ နီကိုလပ်(စ်) ဆာကိုဇီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## နွေစပါးခြွေလှေ့မှုကြည့်ရှုစစ်ဆေး

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း လှည်းကူးမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘားလား အထူးအထွက်တိုး စမ်းသပ်စိုက်ခင်းအတွင်း ရိတ်သိမ်းပြီးသော နွေစပါးများအား ခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## စပါးခင်းများ ရေနစ်မြုပ်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက် စပါးရိတ်သိမ်းရာတွင် အလေအလွင့်မရှိအောင် ကြပ်မတ် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျပေါင်းစပ်

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ရန်ကုန်–ပဲခူးလမ်းမကြီးနှင့် အမှတ်(၃)လမ်းဆုံအနီးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ဘားလား အထူးအထွက်တိုး စမ်းသပ်စိုက်ကွင်း လယ်မြေဧက ၈၀ ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

**မြန်မာ့အလင်း**
**ဆောင်းပါးနှင့် အားကစား အညွှန်း**

**ယူအီးအက်ဖ်အေ ဖလား ဆီဗီလာကာကွယ်**

ကမ္ဘာတစ်လွှား အားကစား (စာ – ၁၃)

ယူအီးအက်ဖ်အေဖလား ဆွတ်ခူးရရှိခဲ့သော ဆီဗီလာအသင်းသားများ ဤသို့အောင်ပွဲခံခဲ့ကြသည်။

### သက်ရှည် ကျန်းမာအောင် ပြုစုစောင့်ရှောက်ပေးကြစို့

**"နိုင်ငံတော်အနေဖြင့် မိမိတို့လူမျိုးများ ကျန်းမာကြံ့ခိုင်သည့် လူမျိုးဖြစ်လာအောင် စီမံဆောင်ရွက်နေသည်မှာ နိုင်ငံတော်၏ရှေ့ရေးကို အဘက်ဘက်မှ မျှော်တွေးတွက်ဆပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် လူမျိုးအဖြစ် မရပ်တည်နိုင်ပါက ရေရှည်၌ လူမျိုးပပျောက်သွားနိုင်သည်ကို သတိရှိကြရန်လိုအပ်ကြောင်း"။**

ဦးဇော်၏ ဆောင်းပါး (စာ – ၄၊ ၅)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

**မြန်မာ့အလင်း**
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မေလ ၁၈ ရက်)

# ရောဂါကင်းဝေး ကျန်းမာရေး လက်ဖက်ရည်ကြမ်း သောက်သုံးပေး

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ လူတိုင်း ကျန်းမာကြံ့ခိုင်ပြီး အသက်ရှည်လိုကြသည်။ ကျန်းမာရေးအတွက် မျှတသည့် အစားအသောက်များကို စားသုံးပေးရမည်ဖြစ်သည်။

အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ အရည်လည်းဆေး၊ ဆေးလည်းအရည်ဖြစ်သည်။ အရည်ခြောက်မျိုးထဲက အစိမ်းရောင်လက်ဖက်ရည်ကြမ်းသည် မြန်မာ့ရိုးရာတန်းဝင်ဖြစ်သည်။ လက်ဖက်ထဲတွင် ကင်ဆာရောဂါကို ကာကွယ်နိုင်သည့် ဓာတ်တစ်မျိုးပါသည်ဟု သိရသည်။

ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အရ လူတိုင်း အသက် ၄၀ကျော်လျှင် ကင်ဆာကလာပ်စည်းများ ရှိနေတတ်သော်လည်း အချို့ကင်ဆာရောဂါဖြစ်ပြီး အချို့မဖြစ်ခြင်းသည် ရေနွေးကြမ်းသောက်ခြင်းနှင့် မသောက်ခြင်းအပေါ်တွင် ကွာခြားသွားရခြင်းဖြစ်သည်ဟု ဆိုသည်။

လက်ဖက်ရည်ကြမ်းတွင် ပါဝင်သည့်ပစ္စည်းများသည် လေဖြတ်ခြင်း၊ နှလုံးခုန်ရပ်တန့်ခြင်းနှင့် ကင်ဆာရောဂါများကဲ့သို့သော ရောဂါများအန္တရာယ်မှ လျော့ပါးစေနိုင်သည်။ ရောဂါအားလုံးနှင့် ဇရာဖိစီးခြင်းဒဏ်က ကင်းလွတ်နိုင်၍ အသက်ရှည်ကျန်းမာသည်ဟု ဆိုထားသည်။

ရေနွေးကြမ်းတွင် ဖလိုရိုဒ်ဓာတ်ပါဝင်၍ သွားကိုခိုင်မာစေသည့်အပြင် သွားပိုးနှင့် သွားကပ်မှိုပြောက်များကို ကင်းစင်စေသဖြင့် သောက်ရုံသာမက အာလုတ်လည်း ကျင်းပေးသင့်သည်။

လက်ဖက်ရွက်တွင်ပါသည့် လက်ဖက်ရားစေးဓာတ်သည် သွေးကြောများ၏ ကြံ့ခိုင်ပျော့ပျောင်းမှုကို အားပေးပြီး သွေးကြောပေါက်ကွဲမှုမှ ကာကွယ်ပေးသည်။ အထူးသဖြင့် ဦးနှောက်သွေးကြောပေါက်ပါက အသက်အန္တရာယ်ရှိပြီး အကုရခက်သည်။ ရေနွေးကြမ်းသောက်ပါက ယင်းအန္တရာယ်မှ ကင်းဝေးစေနိုင်သည်ဟု အကြံပြုထားသည်။

သို့ဖြစ်ရာ ကျန်းမာရေးအတွက် အထောက်အကူပြုလျက်ရှိသော လက်ဖက်ရည်ကြမ်းကို လူသားတိုင်း အလေးအနက်ထား သောက်သုံးခြင်းဖြင့် သက်ရှည်ကျန်းမာပျော်ရွှင်သော အကျိုးတရားများ ရရှိကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### လှူဒါန်း

သားကြီး ကိုကို **မောင်အား ရည်စူး၍** ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၃) ရပ်ကွက် ၇ လမ်း အမှတ် (၄၃)နေ ဦးဝင်းမောင်–ဒေါ်ခင်လှ မိသားစုက ဒဂုံ မြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ခြောက် ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိသာသနာပြု ဥပဋ္ဌာကအဖွဲ့ နာယက ဦးအောင်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် စက်ခေါင်းနှင့်တွဲသုံး ဘက်ထရီများအရည်အသွေးတိုးမြှင့်ရေး

## ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ထုတ်လုပ်သူများနှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၇

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ယမန်နေ့ နံနက်ပိုင်းက မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)၌ ပြည်တွင်း ဘက်ထရီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ပညာရှင်များနှင့် ပုဂ္ဂလိကပညာရှင်များအားတွေ့ဆုံ၍ စက်ခေါင်းနှင့်တွဲသုံး ဘက်ထရီများ အရည်အသွေးတိုးမြှင့်ဆောင်ရွက်ရေးအတွက် တွေ့ဆုံဆွေးနွေးသည်။**

### ဆွေးနွေးမှာကြား

ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်က မြန်မာ့မီးရထားတွင် ဘက်ထရီအမျိုးမျိုးကို စက်ခေါင်းအမျိုးအစား၊ တွဲအမျိုးအစားအလိုက်လည်းကောင်း၊ အခြားသံလမ်းပြေးယာဉ်များနှင့် ဆက်သွယ်ရေး လုပ်ငန်းများတွင်လည်းကောင်း သုံးစွဲရကြောင်း၊ နှစ်စဉ် စက်ခေါင်းနှင့်တွဲများအတွက် လိုအပ်ချက်၊ ဝယ်ယူရသည့်တန်ဖိုးငွေအရ နိုင်ငံခြားငွေ ချွေတာစေရန် ပြည်တွင်းမှ ထုတ်လုပ်သော ဘက်ထရီများကိုသာ သုံးစွဲလိုကြောင်း၊ ဘက်ထရီများအရည်အသွေးကောင်းမွန်မှသာ တွဲလျှပ်စစ်မီးနှင့်ပန်ကာများကောင်းမွန်စွာ အသုံးပြုနိုင်ပြီး စက်ခေါင်းများ လမ်းခရီး၌ အချိန်ကြန့်ကြာမှုများ မရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ဘက်ထရီ၏ အခန်းကဏ္ဍသည် အရေးပါကြောင်းနှင့် တက်ရောက်လာကြသော ထုတ်လုပ်သူများ၊ ပညာရှင်များနှင့် ကျွမ်းကျင်သူများက ဝိုင်းဝန်း အကြံပြု ဆွေးနွေးကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့မီးရထား ဒုတိယ အထွေထွေမန်နေဂျာ(လျှပ်စစ်) ဦးဇော်ဝင်းက စက်ခေါင်းနှင့်တွဲများ၌ လက်ရှိအသုံးပြုနေသည့် ဘက်ထရီအမျိုးအစား၊ ထုတ်လုပ်သည့် ကုမ္ပဏီနှင့်နိုင်ငံတို့ကိုလည်းကောင်း၊ ပြည်တွင်း ပြည်ပမှ ဝယ်ယူသုံးစွဲမှုအခြေအနေတို့ကို လည်းကောင်း၊ ပြည်ပမှ ဝယ်ယူသုံးစွဲသည့် ဘက်ထရီနှင့် ပြည်တွင်းထုတ် ဘက်ထရီတို့၏ အရည်အသွေးနှင့် သုံးစွဲနိုင်သည့် သက်တမ်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

### အကြံပြုဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူ လုပ်ငန်းရှင်များနှင့် ပညာရှင်များက အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

### ကြည့်ရှု

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ခန်းမ၌ခင်းကျင်းပြသထားသော မြန်မာ့မီးရထားစက်ခေါင်းနှင့်တွဲသုံး ဘက်ထရီများကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၅–၂၀၀၇ (သောကြာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ | "ဝိညာဉ်(၆)ပါး ရှုနည်းတရားတော်" (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ) |
| ၇:၅၅ | ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ) |
| ၈:၀၅ | တေးဂီတအစီအစဉ် |
| ၈:၁၀ | Myanmar Video Rhythm |
| ၉:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၁၀ | တေးဂီတအစီအစဉ် |
| ၉:၁၅ | မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | မင်းကွန်းတောင်ရိုးမှ သာသနာ့အကျိုးပြုလုပ်ငန်းကြီး(၄)ရပ် အကြောင်း |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | အင်တာနက်လိုင်းစီးရင်း အောင်မြင်မှုလှေကိုလှော်ကြမည် |
| ၁၀:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၀ | Business Talk (Trade Mark အကြောင်း သိကောင်းစရာ) (အပိုင်း–၂) |
| ၁၁:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၁၅ | ခြေထောက်သွေးလွှတ်ကြောကျဉ်းရောဂါ (အပိုင်း–၃) (ပါမောက္ခဒေါက်တာခင်မောင်အေး) |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၀ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကာကွယ်ကယ်ဆယ်ရေးလုပ်ငန်းများ (ကျေးလက်ဒေသမီးဘေး ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး အကြောင်းသိကောင်းစရာ) |
| ၁၂:၀၀ | တေးဂီတအစီအစဉ် |
| ၁၂:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၁၀ | မီးရှူးတန်ဆောင်ပမာ အလင်းဖြာလျက်ရှိသော ဓမ္မဗျူဟာ |
| ၁၂:၃၅ | တေးဂီတအစီအစဉ် |
| ၁၂:၄၀ | စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့ |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## မြဝတီရုပ်မြင်သံကြား

**၁၈–၅–၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၃၅ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၃။ | စောင့်မျှော်ရှုစားကြိုးဝိုင်းစကား |
| ၆:၄၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း–၁၈) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း–၄၃) |

# ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီစည်းဝေး တင်ပြဆွေးနွေးချက်များကို ညှိနှိုင်းပေါင်းစပ်ပေး

ရန်ကုန် မေ ၁၇

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၂၃)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ၅၁ လမ်းရှိ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။**

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၂၃)ကြိမ်မြောက်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

### တက်ရောက်

အစည်းအဝေးသို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ဒုတိယ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက (၁၂၂)ကြိမ်မြောက် အစည်းအဝေးသို့ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

### တင်ပြဆွေးနွေး

ယင်းနောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ တွဲဖက် အတွင်းရေးမှူး ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ၂၀၀၇ ခုနှစ် ဧပြီနှင့် မေ ၁၅ရက်အတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးသည်။

### အခမ်းအနားရုပ်သိမ်း

ဆက်လက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များကတင်ပြဆွေးနွေးကြပြီး အထွေထွေ ညှိနှိုင်းဆွေးနွေးကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးအား ယင်းဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ) ဦးကျော်စိုးအား ယင်းဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြင်သစ်နိုင်ငံ သံအမတ်ကြီးအသစ်အဖြစ် မစ္စတာ ယွန်ပြဲ ဖရန်ဆွာ လာဖော့စ်အား ခန့်အပ်ရန် ပြင်သစ်အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ယွန်ပြဲ ဖရန်ဆွာ လာဖော့စ်သည် ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၂၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် သမိုင်းနှင့် ဥပဒေဘွဲ့ ရရှိခဲ့ပြီး နိုင်ငံရေး သိပ္ပံဒီပလိုမာဘွဲ့နှင့် အရှေ့တိုင်းဘာသာစကားနှင့် ယဉ်ကျေးမှုကျောင်းမှ တရုတ်ဘာသာစကား ဒီပလိုမာဘွဲ့တို့ကိုလည်း ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၇၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပေကျင်းမြို့နှင့် တိုကျိုမြို့များရှိ ပြင်သစ်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် မစ္စတာ ယွန်ပြဲ ဖရန်ဆွာ လာဖော့စ်သည် ဘရူနိုင်းနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးအဖြစ် ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ ပြင်သစ်နိုင်ငံ ပြည်ဝင်ဗီဇာငြင်းပယ်သည့်ကိစ္စများ အယူခံကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ယွန်ပြဲ ဖရန်ဆွာ လာဖော့စ်သည် အင်္ဂလိပ်၊ တရုတ်၊ အီတလီ၊ ဂျပန်နှင့် မလေးဘာသာစကားများကို တတ်ကျွမ်းသည်။

**(သတင်းစဉ်)**

# သိမ်အောင်ပွဲ၊ သိက္ခာထပ်ပွဲနှင့် အထူးတရားပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၇**

မိတ္ထီလာခရိုင် သာစည်မြို့ မင်းလှကန်တော်ကြီးအတွင်း ရှင်ရဲတစ်ထောင် ရှင်ပင်သစ္စာရ ရှေးဟောင်းစေတီတော်မြတ် ဘုရားကုန်းပေါ်တွင် ရတနဃရ ကျောင်းတော် ဗုဒ္ဓရက္ခိတဂန္ထိရဓမ္မာရုံ၊ သာသနာဃရသိမ်တော်အောင်ပွဲ၊ တောင်ကြီးသိမ်တောင်ဆရာတော်ကြီး၊ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဆန္ဒာဓိက အရှင်မြတ်နှင့် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရ (ပခုက္ကူဆရာတော်)အရှင်မြတ်တို့အား အမှူးထား၍ သာစည်မြို့မှ ဆရာတော်ကြီး ၁၀ ပါး၊ သံဃာတော်၁၀ပါးတို့အား သိက္ခာထပ်အလှူပွဲကြီးနှင့် မော်ဘီ သရက်ဥယျာဉ် (စိန်တစ်လုံးသရက်အပင် ၇၅၀၊ ကီလိုမာလကာပင် ၅၀၀၊ အဝီစိရေတွင်းနှစ်တွင်းအပါအဝင် မြေ၁၀ဧက)ကို နိုင်ငံတော်ဩဝါဒါစရိယ ပခုက္ကူဆရာတော်ကြီး ဘဒ္ဒန္တ ဝိစာရအရှင်မြတ်အား လှူဒါန်းသော အလှူတော်ပွဲတွင် နိုင်ငံကျော်ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ဣန္ဒကနှင့် နိုင်ငံတော်ဘွဲ့တံဆိပ်ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာဆရာတော်)နှင့် အနော်မာအရှင်ပညာသီရိ၊ ကစ္စပနဒီ အရှင်နာရိန္ဒ(သာသနာ့ဓဇ ဓမ္မာစရိယ MA.Ph.D-Thesis) မာဂဓတက္ကသိုလ် အိန္ဒိယနိုင်ငံ အရှင်မြတ်တို့က မေ ၂၇ ရက်နှင့် ၂၈ ရက်များတွင် သာစည်အထက(၁) အားကစားကွင်း တရားမဏ္ဍပ်၌ ညစဉ် ၆ နာရီမှစတင်၍ ကလေးအထူးတရားပွဲနှင့်တကွ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ အခြေခံတိုင်းရင်းဆေးပညာသင်တန်းဖွင့်

**ရန်ကုန် မေ ၁၇**

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းရင်းဆေးပညာဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက်၈နာရီက ပြည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ (နာယက) ဒေါ်သိန်းပိုင်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းရင်းဆေးပညာ ဦးစီးဌာန ဦးစီးဌာနမှူး ဦးအောင်အောင်နှင့် သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင် သင်တန်းသူများတက်ရောက်ကြသည်။

### ရည်ရွယ်ချက်

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့(နာယက) ဒေါ်သိန်းပိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းရင်းဆေးပညာ ဦးစီးဌာန ဦးစီးဌာနမှူး ဦးအောင်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၈-၅-၂၀၀၇ ရက်**
**(သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၅။ | ရိုးရာကျေးလက်ကစားနည်း |
| ၈း၀၅ | ၆။ | ကြေးမုံရိပ်သွင်တေးနယ်ဉ် |
| ၈း၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Happy and Educational English Summer Course MRTV |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) [ဥပဒေပညာ] |
| ၁၆း၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၀၀ | ၅။ | မြန်မာစာ မြန်မာစကား |
| ၁၇း၁၅ | ၆။ | နှောင်းခေတ်တေးပဒေသာ |
| ၁၇း၃၀ | ၇။ | **ကြိုဆိုလျက်ပါ** (ငှက်ပျောကျော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ ဇင်ဇင် ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော်) (အောင်မိုး-ပဲရစ်) |
| ၁၇း၄၅ | ၈။ | အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှု) |
| ၁၈း၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၁။ | သုတစုံလင် ရွှေဉာဏ်ရှင် |
| ၁၉း၀၅ | ၁၂။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ရွှေရောင်သန်းသော အသည်းနှလုံး"** (အပိုင်း-၃) |
| ၂၀း၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး**(အပိုင်း-၄) |

# အပြည်ပြည်ဆိုင်ရာသူနာပြုနေ့အထိမ်းအမှတ် မန္တလေးတိုင်း၌ကျင်းပ

မန္တလေး မေ ၁၇

**အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်း၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် တာဝန်ရှိသူများ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခချုပ်များ၊ မန္တလေးခရိုင် ဥက္ကဋ္ဌ ဦးစိုးမြနှင့် တိုင်း ခရိုင် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌများ၊ သူနာပြုများ၊ အလှူရှင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းကျန်းမာရေးကော်မတီဥက္ကဋ္ဌ တိုင်းအတွင်းရေးမှူး ဦးခင်မောင်သန်းက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ရွှေကြည်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းခွဲ (မန္တလေး)အတွက် အလှူရှင်များက အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

### ဟောပြော

ထို့နောက် ဒေါက်တာသွယ်သွယ်ခိုင်(ဒူးမက်စ်ကုမ္ပဏီ)က ကလေးများအတွက် ဦးနှောက်ဖွံ့ဖြိုးမှုဆိုင်ရာ အာဟာရအကြောင်းကိုလည်းကောင်း၊ သူနာပြုတက္ကသိုလ် (မန္တလေး)မိခင်နှင့်ကလေးကျန်းမာရေးသူနာပြုစုမှု ပညာဌာန ကထိက ဒေါ်ခင်သိန်းက အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ဆောင်ပုဒ် ဖြစ်သော ပတ်ဝန်းကျင်ကောင်း ပံ့ပိုးမှု အရည်အသွေးတိုးတက်သူနာပြု ပြည်သူများအား အကျိုးပြုအကြောင်းကို လည်းကောင်း၊ မန္တလေးခုတင် ၃၀၀ ဆံ့ သင်ကြားရေး ဆေးရုံကြီးမှ သူနာပြုအုပ် ဒေါ်ခင်သန်းနွယ်က လုပ်ငန်းခွင် စီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(၃၁၃)**

# ရွှေမြင့်မိုရ် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် မေ ၁၇

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က ဓမ္မကထိက ပြည်တွင်းပြည်ပ သာသနာပြု ရွှေမြင့်မိုရ်ကျောင်းတိုက်ပဓာန နာယက ဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနာ့ ဓဇသိရီပဝရ ဓမ္မာစရိယ) ပိဋကတ်တစ်ပုံအောင်သည့် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ ဗုဒ္ဓဓမ္မဗိမာန် ဓမ္မာရုံကြီး၌ မေ ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်တိုင်တိုင် ညနေ၆နာရီမှစတင်၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# သက်ရှည်ကျန်းမာအောင် ပြုစုစောင့်ရှောက်ပေးကြစို့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၇ ခုနှစ် ဧပြီလ သင်္ကြန်ရက်ရှည် ရုံးပိတ်ရက်အတွင်း မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ အခြေပြု၍ ပြင်ဦးလွင်မြို့ပေါ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံနှင့် ခုတင် (၃၀၀)ဆံ့ အရပ်ဘက် ခရိုင်ဆေးရုံကြီးများသို့ လည်းကောင်း၊ အသစ်တည်ဆောက် ထူထောင်ထားသည့် ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) နှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)များသို့ လည်းကောင်း အချိန်ယူ သွားရောက်စစ်ဆေးခဲ့သည်။

မန္တလေးမြို့၌လည်း ဆေးဘက်ဆိုင်ရာ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဆေးရုံအုပ်ကြီးများအား အချိန်လုလုတွေ့ဆုံ၍ ရင်းရင်းနှီးနှီး ဆွေးနွေးမှာကြားမှုများ ပြုခဲ့သည်။

ရည်ရွယ်ချက်မှာ ပြည်သူများ၏ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေးအတွက် ဝန်ထမ်းဖွဲ့စည်းမှုအပိုင်း၊ ခေတ်မီဆေးနှင့်ဆေးကိရိယာပစ္စည်း ဖြည့်ဆည်းမှုအပိုင်းနှင့် ဆေးပညာအပိုင်းတို့ကို ဟန်ချက်ညီညီ တိုးတက်လာအောင် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရန် ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးက (၁၆-၄-၂၀၀၇) ရက်နေ့တွင် ပြင်ဦးလွင်ခရိုင်ဆေးရုံ၌-

**"တိုင်းပြည်၏ လူမှုရေးအပိုင်း၌ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့သည် အဓိကအရေးပါကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍကို နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်၍ အဆင့်မြင့်မားလာအောင် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ယဉ်ကျေးမှု ကဏ္ဍ၌လည်း မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ပျောက်ကွယ်ပါက လူမျိုးပါပျောက်ကွယ်သွားနိုင်သဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းတတ်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း"**

**"ကျန်းမာရေးကဏ္ဍ၌လည်း အဆင့်အတန်းမြင့်မြင့် ဆေးကုသနိုင်အောင်၊ ရောဂါကာကွယ်ပေးနိုင်အောင်၊ ကျန်းမာရေး အသိပညာပေးနိုင်အောင် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း"**

ရှင်းလင်းပြောကြားခဲ့သည်။

လက်တွေ့၌လည်း နိုင်ငံတော်သည် ပထမအဆင့် ကျန်းမာရေး မြှင့်တင်မှု စီမံကိန်းတစ်ရပ်ချမှတ်၍ ခေတ်မီဆေးပစ္စည်းကိရိယာများကို အမေရိကန်ဒေါ်လာ ၂၁သန်းဖိုးခန့် ဝယ်ယူဖြည့်ဆည်းပေးခဲ့ပြီး ဆေးရုံများကိုလည်း လိုအပ်သလို အဆင့်မြှင့်တင်ပေးခဲ့သည်။ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသ ၂၄ ခုတို့၌ ပြည်သူများကို အဆင့်အတန်းရှိရှိ ဆေးကုသပေးနိုင်သော ဆေးရုံများကို အစီအရီ ထူထောင်ပေးခဲ့သည်။

ယခုလည်း ဒုတိယအဆင့် ကျန်းမာရေးမြှင့်တင်မှု သုံးနှစ်စီမံကိန်းတစ်ရပ် ထပ်မံချမှတ်၍ ဆေးရုံများ၌ လိုအပ်သော ခေတ်မီဆေးပစ္စည်းကိရိယာများကို ဆက်လက်ဖြည့်ဆည်းသွားရန် ညှိနှိုင်းစီစဉ်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲသည် ဆေးရုံများ၌ ရပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ ပြည့်စုံအောင် အလေးထားသကဲ့သို့ ကျန်းမာရေးဆိုင်ရာခံယူချက်နှင့် သဘောထားများကိုလည်း အခါမလပ် ဖော်ထုတ်လမ်းညွှန်ပေးခဲ့သည်။

၂၀၀၁ခုနှစ် ဧပြီလ၌ ကျောက်ဆည်ဆေးရုံသို့ရောက်ရှိစဉ်-

- **ဆေးရုံသို့ ရောက်ရှိလာသောလူနာများကို နွေးထွေးကြင်နာစွာ ကြိုဆိုဆက်ဆံကြရန်၊ (Welcoming Spirit) ထားရှိရန်၊**
- **စေတနာ အပြည့်အဝထားပြီး လူနာများကို (Good Will Service)ဖြင့် ကုသစောင့်ရှောက်ရန်။**

စသည့် လုပ်ငန်းဆောင်ပုဒ်(၂)ချက်ကို ချမှတ်ပေးခဲ့သည်။ ယနေ့ ဆေးရုံတိုင်း၌ ထိုဆောင်ပုဒ်များကို ထင်ထင်ရှားရှား ရေးထိုးထားကြပြီဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများအတွက် **"ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ"** သည့် မိမိတို့၏ လုပ်ငန်းသဘာဝနှင့် လျော်ညီသော ကျင့်သုံးလိုက်နာအပ်သည့် ဆောင်ပုဒ်များပင်ဖြစ်သည်။

**"ဆရာဝန်များအနေဖြင့် ပြည်သူလူထုနှင့်ဆက်ဆံရာတွင် တတ်နိုင်သမျှ နွေးထွေးကြင်နာစွာ ဆက်ဆံသွားစေလိုပါတယ်"၊ "ဆရာဝန်ကြီးများကို ပြည်သူများက ပြောရဲ၊ ဆိုရဲ၊ ထိတွေ့ရဲ၊ ကုသမှုခံယူရဲအောင် မေတ္တာတရားရှေ့ထားပြီး အကောင်းဆုံး ကုသပေးသွားကြရန် ဖြစ်ပါတယ်"၊ "နိုင်ငံအတွင်း နေထိုင်သူများဟာ မိမိတို့ နိုင်ငံသားများ၊ မိမိတို့၏ သွေးရင်းသားရင်းများ ဖြစ်တယ်၊ မိမိတို့၏ သွေးရင်းသားရင်းများ၊ မိမိတို့လူမျိုးများ ကျန်းကျန်းမာမာနေနိုင်ရေး အသက်ရှည်ရှည် နေနိုင်ရေးအတွက် အာရောဂျံ ပရမံ လာဘံဆိုတဲ့ ကျန်းမာရေးလာဘ်ကြီးရရှိစေရန် ဇီဝိတဒါနကို ပြုလုပ်နေတဲ့ စေတနာရှင်များအဖြစ် ခံယူဆောင်ရွက်စေလိုပါတယ်"**

ဟူ၍ လူနာများအပေါ် ထားရှိအပ်သော သန့်စင်သည့် စေတနာကို ဖော်ညွှန်းခဲ့သည်။ တစ်နည်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းဆိုင်ရာ ခံယူချက်များကို ချမှတ်ပေးခြင်းဖြစ်သည်။

ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် စပ်လျဉ်း၍ ခံယူချက်နှင့် သဘောထားများသာမက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးဆိုသည့် မူဝါဒဆိုင်ရာ ဦးတည်ချက်ကိုလည်း လက်တွေ့လုပ်ငန်းစဉ်အဖြစ် ရှင်းလင်းစွာ ချမှတ်ပေးခဲ့ပြီးဖြစ်သည်။ ယင်းသို့ နိုင်ငံတော်က လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ချမှတ်ပေးပြီးသော ဦးတည်ချက်၊ ခံယူချက်နှင့် ဆောင်ပုဒ်များကို အောက်ခြေအဆင့်ဆင့်က လေးလေးနက်နက်ခံယူ၊ တက်တက်ကြွကြွ အကောင်အထည်ဖော်သွားရန် အရေးကြီးသည်။ အထက်ပိုင်း၏ လမ်းညွှန်မှုအလင်းအားကို အောက်ခြေအပိုင်းက ထိုးထွင်းအသုံးချ၍ လုပ်ငန်းများကို တက်ညီလက်ညီ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်အား ရှိမှသာ အထက်နှင့်အောက် သဟဇာတဖြစ်သည်ဟု လည်းကောင်း၊ အပြန်အလှန် နားလည်မှုရှိပြီး အတိုင်အဖောက် ညီသည်ဟုလည်းကောင်း၊ လုပ်ငန်းသဘောအရ အဓိပ္ပာယ်ဖွင့်ဆိုနိုင်မှာ ဖြစ်သည်။ သို့မှသာ အတွေးနှင့် အပြောညီညွတ်ရုံသာမက ကာယကံမြောက်အလုပ်ပါညီညွတ်ပြီး ရှေ့သို့ တစ်ဟုန်ထိုး တိုးတက်မှာ သေချာသည်။

**"နိုင်ငံတော်အနေဖြင့် မိမိတို့လူမျိုးများ ကျန်းမာကြံ့ခိုင်သည့် လူမျိုး ဖြစ်လာအောင် စီမံဆောင်ရွက်နေသည်မှာ နိုင်ငံတော်၏ ရှေ့ရေးကို အဘက်ဘက်မှ မျှော်တွေးတွက်ဆပြီး ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် လူမျိုးအဖြစ် မရပ်တည်နိုင်ပါက ရေရှည်၌ လူမျိုးပပျောက်သွားနိုင်သည်ကို သတိရှိကြရန် လိုအပ်ကြောင်း"**

**"နိုင်ငံသူနိုင်ငံသားများ ကျန်းကျန်းမာမာဖြင့် သက်တမ်းစေ့ အသက်ရှည်ရှည် နေနိုင်သည့်အခွင့်အရေးများ ရရှိအောင် မိမိတို့ ကြိုးပမ်းဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း"**

စသည်ဖြင့် နိုင်ငံတော်၏ အနာဂတ်အရေးနှင့် ကျန်းမာရေးရည်မှန်းချက် အပေါ် ခိုင်မာစွာ ရှင်းလင်းပြောကြားခဲ့သည်။

**ဦးဇော်**

ပြင်ဦးလွင်မြို့ကိုလည်း နိုင်ငံတော်၏ ခေတ်မီတောင်ပေါ်အနားယူစခန်းမြို့အဖြစ် လိုအပ်ချက်များ ပြည့်စုံလာအောင် တစ်ဆင့်ပြီး တစ်ဆင့် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်သာမက ယခုထပ်မံပြီး အပန်းဖြေရင်း ဆေးစစ်ဆေးမှုနှင့် ကုသမှုတို့ကို အေးချမ်းစွာ ခံစားလိုသူများအတွက် ပြင်ဦးလွင်ဆေးရုံကို ခုတင်(၃၀၀)ဆံ့ ခေတ်မီဆေးရုံကြီးအဖြစ် ထူထောင်သည်။ အထူးကုဆရာဝန်ကြီးများကို တိုးချဲ့ခန့်ထား၍ ခေတ်မီဆေးပစ္စည်းကိရိယာများကိုလည်း ဖြည့်ဆည်းလျက်ရှိသည်။ ထို့ပြင် သာမန်လူနာဆောင်မျိုးအပြင် သီးသန့် နားနားနေနေဖြင့် ဆေးကုသမှုခံယူနိုင်အောင် အိပ်ခန်း၊ ထမင်းစားခန်း၊ ဧည့်ခန်းများပါသည့် အဆင့်မြင့် လူနာခန်းများကို တည်ဆောက်လျက်ရှိသည်။

**တိုးချဲ့ခန့်ထားခြင်း၊ ခေတ်မီကုသရေးပစ္စည်းများ တပ်ဆင်ပေးခြင်းတို့ကို ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှာ ပိုမိုကျယ်ပြန့် ထိရောက်လာလျက် ရှိကြောင်း"**

ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်ထိရောက်ပြီး ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟမှုများ လျော့နည်းကျဆင်းရေးကို လမ်းညွှန်ခဲ့သည်။

လက်တွေ့မှာလည်း မန္တလေးမြို့၌ ဘက်စုံအထူးကု ဆေးရုံကြီး ထူထောင်ခြင်း၊ အခြား ပြည်နယ်၊ တိုင်းမြို့များ ဖွံ့ဖြိုးရေးဒေသကြီးများရှိ ဆေးရုံများကို အဆင့်မြှင့်ခြင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဆေးရုံများကို လိုအပ်သလို အဆင့်မြှင့်ခြင်း၊ တိုက်နယ်ဆေးရုံနှင့် ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို စီမံဆောင်ရွက်ပေးခဲ့သည်။ မြို့ပြကျန်းမာရေး အဆင့်အတန်းနှင့် ကျေးလက်ဒေသ ကျန်းမာရေးအဆင့်အတန်း တစ်ပြိုင်တည်း မြင့်မားလာစေရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။

ပြည်သူများကို သက်ရှည်ကျန်းမာအောင် အနောက်တိုင်းဆေးဝါးဖြင့်သာမက တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှု ပေးနိုင်ရေးအတွက် မန္တလေးမြို့တွင် တိုင်းရင်းဆေးတက္ကသိုလ်နှင့် သင်ကြားရေး အထောက်အကူပြု ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံတို့ကို ဖွင့်လှစ်ထူထောင်ပေးခဲ့ပြီးဖြစ်သည်။ အရည်အချင်းပြည့်ဝသည့် တိုင်းရင်းဆေးဆရာများ လေ့ကျင့်မွေးထုတ်ရေး၊ အရည်အသွေးမြင့်မားသည့် တိုင်းရင်းဆေးဝါးများ တိုးချဲ့ထုတ်လုပ်ရေး၊ မြန်မာ့ဆေးဝါးဖြင့် ကုသနိုင်သည့် ကုထုံးအသစ်များ ထွက်ပေါ်လာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုထိရောက်ကျယ်ပြန့်ရေးတို့အတွက် နိုင်ငံတော်အကြီးအကဲသည် ကိုယ်တိုင်ကိုယ်ကျ စိတ်ဝင်တစား အားပေးလမ်းညွှန်ခဲ့ခြင်းဖြစ်သည်။ အကျိုးဆက်ကောင်းများအဖြစ် ပြည်နယ်၊တိုင်းအလိုက် တိုင်းရင်းဆေးရုံတွေ၊ တိုင်းရင်းဆေးကုဌာနတွေ အစီအရီပေါ်ထွက်လာပြီး အနောက်တိုင်းဆေးဝါးဖြင့်သာမက တိုင်းရင်းဆေးဝါးဖြင့် ဆေးကုသမှုသည်လည်း ကျယ်ပြန့်လာလျက်ရှိသည်။ မိမိနိုင်ငံ၏ ရေ မြေ ရာသီဥတု အခြေအနေအရ ဖြစ်ထွန်းပေါက်ရောက်လျက်ရှိသော ဆေးဝါးပင်မျိုးစုံကို စနစ်တကျ သုတေသနပြုလုပ်ပြီး ကိုယ်ပိုင်ဆေးဝါးအမယ်သစ်များ ထုတ်လုပ်နိုင်ရေး၊ ထို့အပြင် အနောက်တိုင်း၏ ခေတ်မီဆေးပညာနှင့် ဆေးဝါးများကို ဆန်းစစ်လေ့လာ နားလည်ပြီး လက်တွေ့အသုံးချနိုင်ရေးတို့အတွက် ရန်ကုန်မြို့၌သာမက နိုင်ငံတော်၏ အလယ်ပိုင်းနှင့် အထက်ပိုင်းတို့၌ပါ ဆေးသုတေသန ဦးစီးဌာနတို့ကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

ပြင်ဦးလွင်ရှိ အထက်မြန်မာပြည် ဆေးသုတေသနဦးစီးဌာနသို့ ၁၉-၄-၂၀၀၇ရက်နေ့တွင် ရောက်ရှိစဉ် နိုင်ငံ့ခေါင်းဆောင်က-

## နိုင်ငံတော်၊ ပြည်သူနှင့် ကျန်းမာရေးဝန်ထမ်းများက သူ့တာဝန် ပိုင်းနှင့်သူ ဦးပဲ့ထမ်း၍ အဆင့်အတန်း မြင့်မားသည့် ကျန်းမာရေး စနစ်တစ်ရပ်ကို ဝိုင်းဝန်းဖော်ဆောင်ပြီး နိုင်ငံသားများအား သက် ရှည် ကျန်းမာအောင် ပြုစုစောင့်ရှောက်။

ထို့ကြောင့် မန္တလေးနှင့် ပြင်ဦးလွင်ဒေသတို့သည် ဆေးကုသမှုအတွက် နာမည်ရ ဒေသကောင်းများအဖြစ်ပင် ထင်ရှားလာနိုင်သည်ဟု မှန်းဆ၍ ရနိုင်သည်။

နိုင်ငံတော်အကြီးအကဲက-

**"တိုင်းပြည်၏ လူဦးရေ များပြားလာပြီဖြစ်၍ ရန်ကုန်မြို့ တစ်ခုတည်း၌သာရှိသော အထူးကုဆေးရုံကြီးများအပေါ်သာ မှီခိုအားထားနေ၍ မဖြစ်တော့ကြောင်း"**

**"အထက်မြန်မာနိုင်ငံမှ ပြည်သူလူထုအတွက် မန္တလေးမြို့၌ပင် ရန်ကုန်မြို့နှင့်အဆင့်တူ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရန် အထူးကုဆေးရုံကြီးများကို အဆင့်မြှင့် ထူထောင်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ မန္တလေးမြို့ကို ရန်ကုန်မြို့ကဲ့သို့ Centreတစ်ခုအဖြစ် ရပ်တည်နိုင်အောင် စီမံထားခြင်းဖြစ်ကြောင်း"**

**"တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၌လည်း ဆေးရုံများကို အဆင့်မြှင့်တင်ခြင်း၊ အထူးကုဆရာဝန်ကြီးများ**

**"ဆေးသုတေသနလုပ်ငန်းများသည် ကျန်းမာရေးလုပ်ငန်းများကို အဓိကအရေးကြီးသော အခန်းကဏ္ဍမှ အထောက်အကူပြုလျက်ရှိကြောင်း"**

**"ဆေးသုတေသနလုပ်ငန်းများကို ဆေးသုတေသနဦးစီးဌာနများက အပြိုင်အဆိုင် ထိထိရောက်ရောက် ကြိုးပမ်းလုပ်ဆောင်၍ မိမိတို့ ဦးစီးဌာနအသီးသီး၏ ဂုဏ်သိက္ခာကို မြှင့်တင်သွားကြရန် ဖြစ်ကြောင်း"**

**"ကမ္ဘာပေါ်၌ သုတေသနလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် နိုင်ငံများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိကြကြောင်း"**

ဖြင့် ဆေးသုတေသနလုပ်ငန်း၏ အရေးပါမှုနှင့် လုပ်ငန်းတာဝန် များကို ရှင်းလင်းပြောကြား၍ မြန်မာ့ကိုယ်ပိုင်ဆေးဝါးများကို ဈေးကွက် အတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင်အထိ တက်လှမ်းနိုင်အောင် ကြိုးစားကြရန် အားပေးလမ်းညွှန်သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

# ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၂၄)ထွက်ပြီ

**ရန်ကုန် မေ ၁၇**

သတင်းများ ဝေဝေဆာဆာဖြင့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ် (၂၄) ကို ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် ဒေါက်တာခင်မောင်ညို၏ တွေးခေါ်ခြင်းမှ အိုင်ဒီယာ၊ မော်ကျွန်းစိုးမြင့်၏ အက်စစ်အန္တရာယ် သတိပြုကာကွယ်၊ စိုးသီဟစိုး၏ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှု ထိန်းချုပ်ရန်နှင့် ရေသယံဇာတ ထိန်းသိမ်းရန်လိုအပ်၊ ခင်မောင်တင် (ဝဲလောင်)၏ အာရှ အကောင်းဆုံးစာရင်းဝင် ပုပ္ပားတောင်ဥယျာဉ်၊ ချစ်နိုင်(စိတ်ပညာ)၏ နပျိုနေဆဲပေတကား၊ အောင်ချိန်ဘွား၏ ကွန်ပျူတာမိတ်ဆက်၊ ငြိမ်းချမ်းပြည့်၏ နှစ် ၄၀အတွင်း တတိယအကြိမ် တက်ခဲ့ရသော လွင်ခရမာဒင်တောင်တက်ခရီးစဉ် ဆောင်းပါးများ ပါရှိသည်။

ထို့ပြင် ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်း ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၃၁ မြို့နယ်တွင် မြစိမ်းရောင်လွှမ်းမည်၊ မြို့တော်ဆေးခန်းဖွင့်လှစ် အခမဲ့ကုသိုလ်ပြုကုသ၊ အုတ်တွင်း ချဉ်ပေါင်ပျော့ဖတ်စက်ရုံ မကြာမီ စမ်းသပ်လည်ပတ်မည်၊ လေယာဉ်မျိုးစုံ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများ တိုးပွား၊ ရေကြောင်းအရာရှိလောင်းနှင့် အင်ဂျင်နီယာအရာရှိလောင်း ၃၂၅၅ဦး မွေးထုတ်၊ အင်ဒိုနီးရှားတွင် တရားမဝင်သစ်ခုတ်မှုများကို တားဆီးရန် ဩစတြေးလျကူညီ၊ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ မြောက်ကိုရီးယားသို့ရောက်ရှိ၊ အမေရိကန်၏ မူပိုင်ခွင့်ဆိုင်ရာ အရေးယူမှုကို တရုတ်ဝေဖန်၊ အီရန်၏ နျူကလီးယားလောင်စာထုတ်လုပ်နိုင်မှု ကြေညာချက်ကို အမေရိကန် ဝေဖန်၊ ကျူးဘားပြည်ပြေးကို လွှတ်ရန် တရားသူကြီး၏ ဆုံးဖြတ်ချက်ကို အမေရိကန်အစိုးရ အယူခံဝင် စသည့် ပြည်တွင်းပြည်ပ သတင်းစုံစုံလင်လင် သတင်းဓာတ်ပုံ ဝေဝေဆာဆာ ဖော်ပြပါရှိကြောင်းသိရသည်။

ရွှေနိုင်ငံဂျာနယ် ရရှိနိုင်သောနေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ပြီး စာမူများပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ် ၂၂၈ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၂၀၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ (၄)၊ အမှတ် (၁၁) ဖြန့်ချိ

**ရန်ကုန် မေ ၁၇**

၁၅ရက်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၄)၊ အမှတ်(၁၁) ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုထွက်ရှိသည့် စိမ်းလဲ့ရွှေပြည်ဂျာနယ်တွင် အလောင်းတော်ကဿပဥယျာဉ်၌ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ၊ ဖျာပုံခရိုင်အတွင်း ရာသီဥတုကောင်းမွန်မှုကြောင့် နွေစပါးစိုက်ပျိုးသူများ အဆင်ပြေနေ၊ မြန်မာဝေဒင် ပရိဂရမ်ပြိုင်ပွဲကျင်းပမည်၊ ၂၀၀၇ အာရှသစ်သီးပွဲတော် ထိုင်း၌ကျင်းပမည်၊ မြန်မာနှင့် တရုတ် အထက်သံလွင်မြစ်ရေအားလျှပ်စစ် အကောင်အထည်ဖော်မည်၊ ကမ္ဘာလှည့်ခရီးသည် သီးသန့်ရထားရပ်နားရန်ဇုန်များ စီစဉ်၊ ဒူဘိုင်းငါးပြပွဲတွင် မြန်မာ့ငါးလုပ်ငန်းမှ သွားရောက်ပြသခဲ့၊ နိုင်ငံတကာအဆင့်မီ သစ်သီးဝလံ ဈေးကြီး ရန်ကုန်တွင် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း သတင်းများအပြင် အနုပညာသတင်းများ၊ နိုင်ငံတကာ မျက်မှောက်ရေးရာများလည်း ဖော်ပြပါရှိသည်။

ဆောင်းပါးများအနေဖြင့် အောင်ချိန်ဘွား၏ ကြက်ငှက်တုပ်ကွေး ကာကွယ်မနေး၊ ဘုန်းမြင့်ဆွေ၏ တိုက်ရိုက်မျိုးစေ့ချ စပါးစိုက်ပျိုးခြင်း၊ ဩဘာ(ရန်ကုန်တက္ကသိုလ်)၏ အမျိုးဘာသာ အသွင်မနိမ့်စေဖို့ ရိုးရာသဘင်အငြိမ့်ကို ကကြစို့၊ မောင်မြား၏ ကမ္ဘာမြေကိုကာကွယ်ဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့၊ သီရိခေတ်၏ ပိုးသတ်ဆေးအကြောင်း၊ ဘုန်းမြင့်ဆွေ၏ ယနေ့ လူတို့စားသုံးနေသော ဆီအမျိုးမျိုး၊ သိလ္လာမောင်ကိုဦး၏ TUNA ငါးဖမ်းလုပ်ငန်း၊ မြင်းခြံကျော်အောင်၏ အိပ်မက်အကြီးစားမက်ပါ၊ ခင်မောင်တင်(ဝဲလောင်)၏ ကျေးလက်က ရက်ကန်းစင်၊ ဝင်းဇော်(သုံးဆယ်)၏ လူ့အသက်အရွယ် သတ်မှတ်ချက်များနှင့် ခင်မောင်တင် (ဝဲလောင်)၏ တောင်သာမြို့ ခေတ်မီစွပ်ကျယ်စက်ရုံသစ်ကြီးစသည့် သုတ၊ ရသဆောင်းပါးများစွာဖြင့် ဝေဝေဆာဆာ ဖြန့်ချိလိုက်သည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ NPE စာအုပ်ဆိုင်နှင့် ပန်းရွှေပြည် (သိမ်ဖြူလမ်း) စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်၂၂၈ သိမ်ဖြူလမ်း ရန်ကုန် ဖုန်း–၃၈၂၀၇၀သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၄ ဆောင်းပါးမှအဆက်**

ထို့အတူ ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံအသစ်သို့ ရောက်ရှိသည့်အခါ၌လည်း **“စက်ရုံမှထုတ်လုပ်သော ဆေးဝါးများ အဆင့်အတန်း အစဉ်မြင့်မားနေအောင် စနစ်ရှိရှိ လုပ်ကိုင်ဆောင်ရွက်ရန်”၊ “ခေတ်မီသည့် ပိုမိုအစွမ်းထက်သော ဆေးဝါးအမျိုးအစားများကို ထုတ်လုပ်နိုင်အောင် ကြိုးပမ်းရန်”** အလေးထားမှာကြားရင်း မိမိတို့နိုင်ငံ၌ အဖြစ်များသော ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ ဝမ်းကိုက်၊ ဝမ်းဖော၊ ဝမ်းလျှော စသည့် ရောဂါခြောက်မျိုးအတွက် မိမိတို့ကိုယ်ပိုင် ဆေးဝါးများကို လုံလုံလောက်လောက် အမြန်ထုတ်လုပ်နိုင်အောင် ညှိနှိုင်းကြိုးစားရန် တာဝန်ပေးခဲ့သည်။ သုတေသနလုပ်ငန်းနှင့် ထုတ်လုပ်မှုလုပ်ငန်း ပေါင်းကူးဆက်စပ်မှု သွက်လက်ရန် အရေးကြီးသည်မှာ အမှန်ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်း လူ့စွမ်းအားအရင်းအမြစ် ဆရာဝန်၊ ဆရာမများ၊ ဆေးပညာသည်များ တိုးချဲ့မွေးထုတ်ရေး၊ အထူးကုဆရာဝန်ကြီးများ၊ ပါရဂူကြီးများ ပိုမိုပေါ်ထွက်လာရေးတို့ကိုလည်း ဟန်ချက်ညီညီ အားပေးဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အသွေးမြင့်မားသော ဆရာဝန်၊ ဆရာမများ၊ ပညာသည်များ မွေးထုတ်ပေးသည့်ဆေးတက္ကသိုလ်များအပြင် သွားဘက်ဆိုင်ရာတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်၊ ဆေးဘက်ပညာသည်တက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေး တက္ကသိုလ် စသည်ဖြင့် ဆေးဘက်ဆိုင်ရာ လေ့ကျင့်ရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ခဲ့ သကဲ့သို့ ဒီပလိုမာ၊ မဟာသိပ္ပံနှင့် ပါရဂူသင်တန်းများကိုလည်း လက်တွေ့လုပ်ငန်းခွင်များနှင့် ယှဉ်တွဲ၍ ဖွင့်လှစ်ထားသည်။ ပြည်ပနိုင်ငံများသို့လည်း စေလွှတ်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲက –

> **“ကျန်းမာရေးနယ်ပယ်အပါအဝင် ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရင်းခံကျသည်မှာ လူ့စွမ်းအားအရင်းအမြစ်ပင်ဖြစ်ကြောင်း”၊ “လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုမရှိပါက ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရန် မဖြစ်နိုင်ကြောင်း”၊ “ယခုအချိန်အထိ မိမိတို့နိုင်ငံ၌ ကျွမ်းကျင်သောပါရဂူများ၊ ဆရာဝန်ကြီးများရှိနေသဖြင့် မိမိတို့နိုင်ငံ၏ ဆေးပညာအဆင့်အတန်းကို အခြားနိုင်ငံများက လေးစားမှုရှိကြောင်း”**

ဖြင့် ၁၉၉၉ ခုနှစ် ဧပြီလအတွင်း ဆရာဝန်ကြီးများအား တွေ့ဆုံစဉ် မိန့်ကြားခဲ့သည်။

နိုင်ငံတော်အပိုင်းက ဆရာဝန်များ၏ အရည်အသွေးမြင့်မားရေးကို စိတ်ဝင်စားရုံသာမက အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်သာ ဖြစ်သည်။

၂၂–၄–၂၀၀၇ရက်နေ့၌ ဆရာဝန်ကြီးများနှင့် တွေ့ဆုံစဉ်ကလည်း နိုင်ငံ့ခေါင်းဆောင်က–

> **“ယနေ့ခေတ်သည် ဘာသာရပ်အားလုံးကို ခြုံငုံ၍ အထွေထွေ လေ့လာသည့်အဆင့်မှ ဘာသာရပ်အလိုက် အသေးစိတ်ကျွမ်းကျင်အောင် အထူးပြုလေ့လာသည့်အဆင့်သို့ ရောက်ရှိနေသောခေတ်ဖြစ်ကြောင်း”၊ “ထို့ကြောင့် ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများကို တိုးချဲ့မွေးထုတ်လျက်ရှိကြောင်း၊ ဘာသာရပ်အလိုက် အသုံးပြုကုသရာ၌ ထိရောက်မှုရှိသည့် ဆေးပစ္စည်းကိရိယာများသည်လည်း အမျိုးမျိုးဆန်းသစ် ပေါ်ထွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသော ဆေးပညာရပ်များကို အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းပြီး နားလည်သိရှိ လက်တွေ့အသုံးပြုနိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးနေရမှာ ဖြစ်ကြောင်း”**

အလေးထား မိန့်ကြားခဲ့သည်။

နည်းပညာလျင်မြန်ဖွံ့ဖြိုးမှုနှင့်အတူ ဆေးပညာလောကသည်လည်း မြန်မြန်ဆန်ဆန် တိုးတက်လျက်ရှိသည်။ ထိရောက်အစွမ်းရှိသည့် ဆေးဝါးအသစ်အဆန်းများရော ခေတ်မီဆေးပစ္စည်းကိရိယာ အမျိုးမျိုးတို့ပါ ပေါ်ထွက်လာလျက် ရှိသည်။ ထိရောက်အကျိုးပြုမှု ကြီးမားသကဲ့သို့ ဝယ်ယူရင်းနှီးရသည်မှာလည်း တန်ဖိုးကြီးမားသည်။ ငွေကုန်ကြေးကျများပြားသည်။

ယနေ့ခေတ် အခြေအနေအရ ရောဂါများကို ကုသရာ၌ ဆရာဝန်နှင့် ဆေးဝါးတို့ဖြင့်ပင် မလုံလောက်တော့ဘဲ၊ ခေတ်မီဆေးပစ္စည်း ကိရိယာများ၏ ထိရောက် အကျိုးရှိမှုကို ပေါင်းစပ်အသုံးပြုတတ်ရန် လိုအပ်လာသည်။ ထို့ကြောင့် ရှေးခေတ်နှင့်မတူဘဲ ဆေးရုံများ၌ တိုးချဲ့တပ်ဆင်ထားသော ရောဂါရှာဖွေကုသနိုင်သည့် ကိရိယာများ၏တန်ဖိုးကို ငွေကြေးအရသာမက အသုံးဝင်အကျိုးရှိမှုအရပါ နားလည်မှုရှိပြီး ဆေးရုံများကို ဝိုင်းဝန်းကူညီ စောင့်ရှောက်အပ်သည်။

သို့မှသာ ဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ ရေရှည်နှင့်ယှဉ်၍ ပိုမိုအဆင့်အတန်းမြင့်မားလာမှာ ဖြစ်သည်။ ပြည်သူများက ယုံကြည်အားထားသည့်ဆေးရုံများအဖြစ် ခိုင်မြဲစွာရပ်တည်လာမှာ သေချာသည်။

နိုင်ငံတော်၏ စေတနာနှင့်မျှော်မှန်းချက်များအပေါ် ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်က နားလည်မှုရှိရှိတုံ့ပြန်ကြရမှာဖြစ်သည်။ ပြည်သူများအား စေတနာပါသော အလုပ်ဖြင့်ပြုစုစောင့်ရှောက်ရမှာဖြစ်သည်။ **နိုင်ငံတော်၊ ပြည်သူနှင့်ကျန်းမာရေးဝန်ထမ်းများက သူ့တာဝန်ပိုင်းနှင့်သူ ဦးပဲ့ထမ်း၍ အဆင့်အတန်းမြင့်မားသည့် ကျန်းမာရေးစနစ်တစ်ရပ်ကို ဝိုင်းဝန်းဖော်ဆောင်ပြီး နိုင်ငံသားများအား သက်ရှည်ကျန်းမာအောင် ပြုစုစောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း တင်ပြအပ်ပါသည်။** ။

**မြန်မာ့အလင်း အင်တာနက်ဟောင်ပိတ်သတင်း**

## ဂျပန်နိုင်ငံကို ဝန်းရံနေသောသမုဒ္ဒရာ လျင်မြန်စွာ ပူနွေးလာနေ

**တိုကျို မေ ၁၇**

ဂျပန်နိုင်ငံကို ဝန်းရံနေသော သမုဒ္ဒရာသည် ကမ္ဘာ့အခြားနေရာများထက် ကမ္ဘာကြီးပူနွေးလာမှုကြောင့် လွန်ခဲ့သောနှစ်ပေါင်းများစွာကထက် ပို၍ ပူနွေးနေကြောင်း ဂျပန် မိုးလေဝသအေဂျင်စီက မေ ၁၅ရက်က ပြောကြားသည်။

**ဖော်ပြ**

အဆိုပါ ဂျပန်နိုင်ငံကို ဝန်းရံနေသော သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် လွန်ခဲ့သော ရာစုနှစ်က ဒသမ ၇ဒီဂရီဆဲလ်စီးရပ်မှ ၁ဒသမ ၆ဒီဂရီ ဆဲလ်စီးရပ်အထိ မြင့်တက်လာရာ ယင်းမှာ ကမ္ဘာ့ပျမ်းမျှအပူချိန်ဖြစ်သည့် ဝဒသမ၅ဒီဂရီဆဲလ်စီးရပ်ထက် ပိုမြင့်တက်လာသည်ဟု အဆိုပါ မိုးလေဝသအေဂျင်စီ၏ လေ့လာချက်တွင် ဖော်ပြသည်။

**စုဆောင်းတင်ပြ**

အဆိုပါ လေ့လာတွေ့ရှိချက်များသည် ဂျပန်သင်္ဘောများက ယခင် ၁၉ရာစုနှောင်းပိုင်းမှစ၍ စတင်သုတေသနပြုလေ့လာချက်များကို အခြေခံလျက် စုဆောင်းတင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ဂျပန်နိုင်ငံကို ဝန်းရံနေသော သမုဒ္ဒရာရေပြင်သည် လျင်မြန်စွာ မြင့်တက်လာသည်ဟု ဆိုသည်။

## ဘဂ္ဂဒက်မြောက်ဘက်၌ ကားဗုံးခွဲ တိုက်ခိုက် ၄၅ဦး သေဆုံး၊ ၆၀ ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၇

**ဘဂ္ဂဒက်မြို့မြောက်ဘက် ရိုးယားအများစုနေထိုင်ရာ အဘူဆေဒါမြို့ရှိ ဈေးတစ်ဈေး၌ မေ၁၅ရက်က ထရပ်ကားတစ်စီးအား ဗုံးတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရာ ၄၅ဦးသေဆုံးပြီး ၆၀ ဒဏ်ရာရရှိသွားကြောင်း မေ ၁၆ရက်တွင် ရဲအဖွဲ့က ပြောကြားသည်။**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဗုဒ္ဓသာသနာနှင့် မြန်မာအမျိုးသမီးများအကြောင်း ဟောပြော

ရန်ကုန် မေ ၁၇

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့က ကြီးမှူးကျင်းပသော "ဗုဒ္ဓသာသနာနှင့် မြန်မာအမျိုးသမီးများ "ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း အမှတ် (၃)ရပ်ကွက်ရှိ အောင်သဇင်ဓမ္မာရုံ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြပြီး ရှေးဦးစွာအခမ်းအနားကို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က အဖွင့်အမှာစကား ရှင်းလင်းပြောကြားပြီး သီလရှင်ဆရာလေး ဒေါက်တာ ဒေါ်မောဋ္ဌိနီက **"ဗုဒ္ဓသာသနာနှင့် မြန်မာအမျိုးသမီးများ"** ခေါင်းစဉ်ဖြင့် ဟောပြောသည်။**(အပေါ်ပုံ)**

**ပေးအပ်လှူဒါန်း**

ယင်းနောက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် တစ်သိန်း၊ ဦးခင်မောင်လတ်–ဒေါ်မို့မို့အေး၊ သား မောင်အုပ်စွမ်းပြည့်၊ တုန်းတာ ကုမ္ပဏီမိသားစု မရမ်းကုန်းမြို့နယ်က ငွေကျပ် တစ်သိန်း၊ ဦးသိန်းလွင်–ဒေါ်ခင်မြမျိုးနွယ် Iceland convenient Mart မရမ်းကုန်းမြို့နယ်က ငွေကျပ် တစ်သိန်း၊ ဒေါ်ခေမာညွန့် Clara အရေပြား ပြုပြင်ရေးဌာန၊ အမှတ် (၄) ကမ္ဘာအေးဘုရားလမ်း မရမ်းကုန်းမြို့နယ်က ငွေကျပ် တစ်သိန်း၊ ဦးလှကြည်–ဒေါ်ရီရီမြင့် Yangon Yoma Hotel မရမ်းကုန်းမြို့နယ်က ငွေကျပ် ငါးသောင်း၊ Junction 8 Shopping Centre က ငွေကျပ် ငါးသောင်း၊ အလှူရှင်များက စုပေါင်းအလှူငွေကျပ် ခြောက်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ – ဒေါ်သိန်းဆိုင် (ဆရာမကြီး မမြတ်လေး) သားသမီး၊ မြေးတစ်စုက ငွေကျပ် သုံးသောင်း၊ စုစုပေါင်းအလှူငွေကျပ် ၁၁သိန်းသုံးသောင်းကို အလှူရှင်များက ဆရာလေး ဒေါက်တာ ဒေါ်မောဋ္ဌိနီအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(တိုင်းအမျိုးသမီးရေးရာ)**

## ဟိုတယ်လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ကြိုးပမ်း သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး ဆောင်ရွက်

နေပြည်တော် မေ ၁၇

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ဟိုတယ်ဇုန် စီမံကိန်းရှိ ဟိုတယ်များဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သင်္ဂဟဟိုတယ်သို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ဟိုတယ်ဖွင့်လှစ် ဆောင်ရွက်နေမှု၊ ဘန်ဂလိုများ ခန်းဖွဲ့ တည်ရှိမှုနှင့် တည်ဆောက်ဆဲ အဆင့်မြင့်အဆောက်အအုံ လုပ်ငန်းရပ်များ တိုးတက်မှုအခြေအနေတို့ကို ပုံပြကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

**မှာကြား**

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ဟိုတယ်လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား ဟိုတယ်လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လျာထားသတ်မှတ်ထားသော ကာလအတွင်း လုပ်ငန်းစီမံကိန်းများ ပြီးစီးရေးနှင့် သန့်ရှင်းသာယာလှပရေး ကိစ္စရပ်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရွှေမြန်မာဟိုတယ်နှင့် ရွှေနန်းတော် ဟိုတယ်တို့သို့ သွားရောက်ပြီး ဟိုတယ်စီမံကိန်း တစ်ခုချင်းအလိုက် ဝင်ရောက်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

နေပြည်တော် ဟိုတယ်ဇုန်သည် ကုမ္ပဏီများအလိုက် ဟိုတယ်စီမံကိန်းများဆောင်ရွက်လျက်ရှိရာ ဟိုတယ်စီမံကိန်း ခုနစ်ခုအနက် ခြောက်ခုသည် ပထမအဆင့် ဟိုတယ်ဘန်ဂလိုပုံစံ အဆောက်အအုံ၈၂လုံး၊ အခန်း၁၅၁ခန်း ပြီးစီး ဖွင့်လှစ်ထားကြောင်းနှင့် ဒုတိယအဆင့်အဖြစ် လိုအပ်သော ဟိုတယ်အဆောက်အအုံများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

**အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုကျော်နှင့် ဝန်ထမ်းများက ရွာမအရှေ့ ရပ်ကွက်အတွင်း နေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ် အသက် ၁၀နှစ်ပြည့်ကတ်၊ ၁၈နှစ်ပြည့်ကတ်နှင့် ပျောက်ဆုံး၊ ပျက်စီး နိုင်ငံသားကတ်များ ထုတ်ပေးနိုင်ရေး မေ ၁၃ ရက်က ဆောက်လုပ်ရေးသင်တန်းခန်းမဆောင်၌ ကွင်းဆင်းဆောင်ရွက်စဉ်။** (က–ပ)

## အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**မကွေးမြို့နယ် ယင်းသာစည်ကျေးရွာအုပ်စု ယင်းသာစည်ကျေးရွာ အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်တွင်ကျင်းပရာ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မွန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးညိုတုတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မွန်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းများကို ရှင်းလင်းပြောကြားသည်။**

**ထို့နောက် ၂၀၀၅ ခုနှစ် အမျိုးသားစာပေဆုရှင် စာရေးဆရာ တင်လင်းဇော်က သုတ၊ ရသ၊ ဂျာနယ်၊ မဂ္ဂဇင်း၃၀၀နှင့် ကျေးရွာမှစာအုပ်အလှူရှင်များက စာအုပ်စာစောင်များ ဝယ်ယူနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။** (၃၈၃)

## ဖယ်ခုံမြို့ ၌ ဂုဏပူဇာသဘင်ကျင်းပ

**ဖယ်ခုံမြို့နယ်အတွင်းမှ ဂန္ထဓုရပရိယတ္တိသာသနာ့ဝန်ကို ထူးချွန်စွာ ထမ်းဆောင်ကြသည့် ကယန်းတိုင်းရင်းသား ရဟန်းတော်သုံးပါးနှင့် ကယန်းတိုင်းရင်းသူ သီလရှင်ဆရာလေးတို့အား ဗုဒ္ဓဘာသာဝင် ကယန်း တိုင်းရင်းသားများနှင့် ဒေသခံများ၏ ဂုဏပူဇာသဘင် အခမ်းအနားကို မေ၁ရက် နံနက်၈နာရီက ဖယ်ခုံမြို့ရှိ မိုးဗြဲမွေတော် ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။**

**အခမ်းအနားတွင် မိုးဗြဲမွေတော် ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တောင်တန်းသာသနာပြု တောင်မောဆရာတော်က အနုမောဒနာတရားချီးမြှင့်တော်မူသည်။ ထို့နောက် စေတနာရှင်များက သာသနာလင်္ကာရ ပရိယတ္တိဓမ္မာစရိယသုံးဘွဲ့ရ ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ သာသနဓဇ ဓမ္မာစရိယဘွဲ့နှင့် ဝိနယဝိဒူဘွဲ့နှစ်ဘွဲ့ရ ဆရာတော်ဘဒ္ဒန္တတေဇာနန္ဒ၊ ဝိနယဝိဒူဘွဲ့၊ ပရိယတ္တိသာသနာဟိတ(သကျသီဟ)ဝိသိဋ္ဌာ လင်္ကာရ သာမဏေကျော်ဘွဲ့ထူးရ ရွှေတံဆိပ်ဆုရှင် ဘဒ္ဒန္တ ဣန္ဒကနှင့် သီလရှင် အကျော်ဘွဲ့ထူးခြောက်ဘွဲ့ရ ဝိနယပိဋက ဝိနည်းငါးကျမ်းအောင် ဝိနယဝိဒူ ဘွဲ့ရှင် သီလရှင်ဆရာလေး မဉာဏဝတီတို့အား နဝကမ္မဝတ္ထုငွေများကို ဆက်ကပ် လှူဒါန်းကြသည်။** (သတင်းစဉ်)

## စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနနှင့် **အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသထွက်သီးနှံများအား တာရှည်ခံစားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ၁၄ရက် နံနက်၉နာရီက ပင်းတယမြို့နယ် စည်ပင်သာယာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်၊ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိဦးသိန်းသန်းထွန်းတို့က အမှာစကား ပြောကြားပြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီး အရာရှိ ဒေါ်ခိုင်ခိုင်ဇံက အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ သင်တန်း ကာလမှာ မေ ၁၄ရက်မှ ၂၀ရက်အထိဖြစ်ကြောင်းသိရသည်။** (က–ပ)

## ရေဦးတွင် ဥပဒေပညာပေး ဟောပြော

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် ရေမျက်ကျေးရွာအုပ်စု ရေမျက်ကျေးရွာအလက(ခွဲ) ကျောင်းခန်းမဆောင်၌ ဥပဒေပညာပေးဟောပြောပွဲကို မေ ၅ရက် မွန်းတည့် ၁၂နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းက အမှာစကား ပြောကြားပြီး ဥပဒေအရာရှိ ဦးတိုးမြင့်က ခိုင်းနွားသယ်ယူရာတွင် လိုက်နာရမည့် ဥပဒေများ၊ စည်ပင်အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တိုင်းရင်းဆေးတာဝန်ခံ ဦးချစ်ကိုကိုက တိုင်းရင်းဆေးဝါးသိကောင်းစရာများ၊ ဒုတိယရဲအုပ် ထွန်းထွန်းက နွားခိုးမှုပပျောက်ရေးများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်က နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်များအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

## ရောင်ခြည်သစ်စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ထူးနီကျေးရွာ ရောင်ခြည်သစ်စာကြည့်တိုက် (၆)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မေ ၅ ရက် နံနက်၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ပဓာနနာယက ဆရာတော် ဦးမုနိန္ဒက သြဝါဒကထာမြွက်ကြားပြီး ဒုတိယရဲမှူးသိန်းအောင်နှင့် ဒေါက်တာလှစိန်တို့က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ စာကြည့်တိုက်(၆)နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ် ကျင်းပသော ဖုဆယ်ဘောလုံးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ချောတိုင်တက်ပွဲတို့တွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်းသိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

## မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

### အင်းတော်၌ မီးလောင်မှုများဖြစ်ပွား

အင်းတော်မြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ မေ ၇ ရက်ည ၉ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်ရာသို့ အင်းတော်မီးသတ်မှ မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ယာဉ်ဖြင့် သွားရောက်မီးငြိမ်းသတ်ပေးမှုကြောင့် ည ၁၁ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အိမ်ရှင်ဦးစောထွေးမြင့်အား သက်ဆိုင် ရာမှ စစ်ဆေးအရေးယူထားကြောင်း သိရသည်။

အလားတူ မေ၈ရက် နံနက် ၆ နာရီခွဲကလည်း အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်(တိုးချဲ့ကုန်း)မှ ဦးအုန်းသန်းနေအိမ်၌ ရေနွေးအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွားရာ မီးဖိုချောင်အမိုးများ မီးလောင်ပျက်စီးခဲ့သည်။ မီးလောင်မှုကို အနီးရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းသို့ ရေလောင်းနေကြသော ဌာနဆိုင်ရာဝန်ထမ်းများက အချိန်မီဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။ **(၁၃၃)**

## သီးနှံအလိုက် အထူးဇုန် သတ်မှတ်ထုတ်လုပ်ရေး ပညာပေး

ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်ဝင်းနှင့် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးစီးမှူး ဦးမြင့်ဆွေတို့ဦးဆောင်သောအဖွဲ့သည် ဧပြီ၂၉ရက်က လွယ်အံ ကျေးရွာအုပ်စုတွင် တောင်သူ ၅၇ ဦး၊ မြင်းမထိကျေးရွာအုပ်စုတွင် တောင်သူ ၂၃၂ ဦး၊ လမိုင်းကျေးရွာ အုပ်စုတွင် တောင်သူ၁၂၀၊ နန်းတိုင်းကျေးရွာအုပ်စုတွင် တောင်သူ ၁၂၄ ဦး စုစုပေါင်း တောင်သူ၅၃၃ဦးတို့အား မှုခင်းကျဆင်းရေးနှင့်သီးနှံအလိုက်အထူးဇုန်သတ်မှတ်ထုတ်လုပ်ရေး ပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(၄၀၈)**

## တပ်ကုန်းတွင် ညောင်ရေသွန်း

**တပ်ကုန်းမြို့နယ် မိုဃ်းကောင်းဆုတောင်းပြည့်စေတီဝင်းအတွင်းရှိ သီရိလင်္ကာနိုင်ငံမှ မွေလက်ဆောင်အဖြစ်ရရှိသော ဗောဓိညောင်ပင်အား ကဆုန်လပြည့်(ဗုဒ္ဓနေ့)နံနက် ၉နာရီက တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော် အမှူးပြုသော အလုပ်အမှုဆောင်များ၊ မြို့မ(၅)ရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက ညောင်ရေသွန်းလောင်းကြပြီး ဘုရားရင်ပြင်တော်၌ သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။** (က–ပ)

# ကိုကိုးကျွန်းသို့ သွားရောက်ကြမည့် ဝန်ထမ်းများအား တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တွေ့ဆုံ၊ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် မေ ၁၇

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း သာကေတ ဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ခရီးသည်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုကိုးကျွန်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် အတွက် ဝတ္ထုငွေနှင့်ချီးမြှင့်ထောက်ပံ့ငွေ ကျပ်၉၄၀၀၀၀ကို မြို့နယ်ဆရာဝန် ဒေါက်တာဝင်းထိန်အား လည်းကောင်း၊ အရပ်သားခရီးသည် ၈၅ဦးအတွက် ချီးမြှင့်ငွေကျပ်၈၅၀၀၀ကို ဆက်သွယ်ရေးတာဝန်ခံ ဦးအောင်နိုင်အား လည်းကောင်း ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ကိုကိုးကျွန်းမြို့နယ်သို့ ထွက်ခွာစပ်လျဉ်း၍ အမှာစကားပြောကြားသည်။

### ပေးအပ်

ထို့နောက် တိုင်းမှူးအား ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့် မိတ်ဆက်ပြီး မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း "မြစ်ကြီးနား" သင်္ဘောဖြင့် ကိုကိုးကျွန်းသို့လိုက်ပါမည့် သံဃာတစ်ပါးနှင့် ဝန်ထမ်း ၄၆ဦးကောင်း၊ ကိုကိုးကျွန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် လစဉ်ထောက်ပံ့ငွေ အဖြစ် ငွေကျပ်၅၄၉၀၀၀ကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဦးသံချောင်းအား လည်းကောင်း၊ ကိုကိုးကျွန်းမှ ကျောင်းသားကျောင်းသူ ၁၅၃ ဦးအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၂၀ ကို ကျောင်းအုပ် ဆရာကြီး ဦးလှကြည်မည့် "မြစ်ကြီးနား" သင်္ဘောပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

### ပို့ဆောင်ပေးခဲ့

အဆိုပါ သင်္ဘောဖြင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဝါးဘိုး၊ ဝါးနက်၊ ထီးရိုးဝါးစသော ဝါးမျိုးပင် ၁၅၀၀၊ မြို့နယ်ခန်းမ ဆောက်လုပ်ရန်အတွက် သံနှင့်ဘိလပ်မြေများ၊ မိုးရာသီ ကာလအတွင်း အလုံအလောက် စားသုံးနိုင်ရေးအတွက် ဆန်နှင့်ဆီများကိုပို့ဆောင် ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး) အတွက် ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး အမှတ် (၂၇၂) မြေညီထပ် ကျောင်းအလှူရှင် ခင်ပွန်း ဦးစိန်ဟန်အားရည်စူး၍ ဒေါ်နီနီစိန်မိသားစုက အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကြူကြူခိုင်က လက်ခံရယူပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# မြတ်သန္ဒာ မဟာစည်ရိပ်သာ တရားစခန်းဖွင့်မည်

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ကျွန်းကလေး မြတ်သန္ဒာမဟာစည်ရိပ်သာ၌ ဇူလိုင် ၁၈ ရက်မှ ၂၅ ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို အခြေခံမှစ၍ အရှင်သီရိန္ဒ (ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၇၀၇၄ ၉၇၊ ၀၉-၅၁-၇၆၅၇၃နှင့် ၀၉-၅၁-၇၆၅၇၅တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# ဝန်ကြီးဗိုလ်ချုပ်စောထွန်း ရေဝတီတံတား(ရတနာပုံ)စစ်ဆေး လုပ်ငန်းများသတ်မှတ်ချိန်အမီ စီမံချက်အတိုင်းဆောင်ရွက်ရန်မှာကြား

နေပြည်တော် မေ ၁၇

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ရေဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်း လုပ်ငန်းခွင်ရုံးသို့ရောက်ရှိရာ ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက် ကမ်းတံတား တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးများက တံတားကြီး၏ အချောသတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပင်မခုံး တံတားထိန်း သံပေါင် (Suspender)များကို အားဖြည့်သည့် လေဒဏ်ထိန်းချုပ်တန်းများ တပ်ဆင်ပြီးစီးမှု၏ ကြံ့ခိုင်မှုနှင့် ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။**

ထို့နောက်ဝန်ကြီးသည် မန္တလေးဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်မှ ရေဝတီတံတား(ရတနာပုံ)ပေါ်သို့ မော်တော်ယာဉ်များဖြင့် တက်ရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာများက လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက ကျန်ရှိသည့် လုပ်ငန်းများကို သတ်မှတ်ချိန်အမီ စီမံချက်များအတိုင်း ဆောင်ရွက်ကြရန် မှာကြားသည်။

### ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးသည် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်း လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်ကိုင်းဘက်ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက ချဉ်းကပ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ဆဲ အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တံတားကြီးအပေါ် စစ်ကိုင်းဘက်လမ်းသွယ်များမှ အတက်အဆင်း အဝင်အထွက် မှန်ကန်၍ အန္တရာယ်ကင်းအောင် စီစဉ်ဆောင်ရွက်ရန်နှင့် လမ်းနယ်တိုင်များစိုက်ထူရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မေ ၁၇**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ China National Aero-Technology Import & Export Corporation (CATIC) မှ Managing Director, Mr. Liu Jin Jianhai ဦးဆောင်သော အဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

### တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် ရုံးအဖွဲ့မှူး ဦးဝင်းခန့်တို့တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## လာရောက်တွေ့ဆုံ

**ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Aero- Technology Import & Export Corporation (CATIC)မှ Managing Director, Mr. Liu Jin Jianhai နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ကလိထော် ဆည်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ညောင်ရေသွန်းပွဲ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကြာအင်းအုပ်စု သရက်ချောင်းကျေးရွာနှင့်ကလိထော်ဆည်အနီးရှိရသေ့တောင်ပေါ်တွင် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဝင် အဓါတော်ပေး ဆရာကြီး ဦးကျော်ကို အမှူးထား၍ မူလဘုရားဒါယကာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ တောင်တွင်းကြီး)-ဘုရားဒါယိကာမ ဒေါ်နော်ဂေးလီ မိသားစုနှင့် ဓမ္မမိတ်ဆွေများက စုပေါင်းတည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့် မဟာဇေယျဓမ္မသိဒ္ဓိ၊ ကိုးနဝင်းစေတီတော် (ခေါ်)ရန်အောင်မာန်အောင် ဆည်ဦးစေတီတော်၏ ဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ညောင်ရေသွန်းပွဲကို မေ ၃၀ ရက်တွင် အဆိုပါစေတီတော်၌စည်ကားစွာကျင်းပမည်ဖြစ်သည်။

နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်၊ဆွမ်းကပ်၊ရေစက်ချတရားနာကြားကြပြီး မွန်းလွဲပိုင်းတွင် နိုင်ငံခြားသတင်းထောက် ဦးအောင်ရွှေဦးမိသားစု ဗုဒ္ဓဂယာမှ ပင့်ဆောင်စိုက်ပျိုးထားသော မဟာ ဗောဓိပင်များကို ညောင်ရေသွန်းပွဲ ကျင်းပမည်ဖြစ်သည်။ ဘုရားပွဲနှင့် ညောင်ရေသွန်းပွဲကို ဘုရားဒါယကာ ဦးဘိုကြည် မိသားစုနှင့် သရက်ချောင်းကျေးရွာမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးချစ်ခင်၊ ရပ်မိရပ်ဖ ဦးမြချို့နှင့် ရွာသူရွာသားများနှင့် ကလိထော်မှ ရပ်မိရပ်ဖ ဦးညိမ်းမောင်နှင့် ရွာသူရွာသားများ တက်ရောက် တရားနာ၊ညောင်ရေသွန်းလောင်း ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## မူးယစ်ကင်းစင် အလှဆင်

■ **ရွှေဖုံးမှ**

## အချိုးကျပေါင်းစပ်

ရှေးဦးစွာ တိုင်းမှူးသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘားလား အထူးအထွက်တိုး စမ်းသပ်စိုက်ခင်းဧက ၈၀ သို့ရောက်ရှိလာပြီး ရိတ်သိမ်းပြီးသော နွေစပါးများအား ရိုနိုးဘိုးကုမ္ပဏီမှ တင်သွင်းသော Paddy Thresher VPT-5 အမျိုးအစား ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုများ၊ ရိတ်သိမ်းရန် ကျန်ရှိနေသော စပါးခင်းများအား ရိတ်သိမ်းရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် စပါးများရိတ်သိမ်းရာတွင် အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရန်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်များတွင် အသုံးပြုရန်၊ မိုးစပါးစိုက်ပျိုးရာသီ၌ စပါးခင်းများ ရေနစ်မြုပ်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် စပါးအထွက်နှုန်းကောင်းစေရေးအတွက် သွင်းအားစုများကို အမျိုးအစားအလိုက် မှတ်တမ်းတင်ထားရှိ၍ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကို အချိုးကျ ပေါင်းစပ်အသုံးပြုသွားရန် မှာကြားသည်။

### ခြွေလှေ့နိုင်

အဆိုပါ Paddy Thresher VPT-5 အမျိုးအစား ခြွေလှေ့စက်သည် အလေအလွင့် နည်းပါးပြီး တစ်နာရီလျှင် တင်း ၁၀၀အထိ ခြွေလှေ့နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

* **ကျောဖုံးမှ**

ထို့နောက် ၂၀၀၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားသို့ ပေးပို့သော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို မန္တလေးတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက ဖတ်ကြားသည်။

### ဆုချီးမြှင့်

ဆက်လက်၍ တိုင်းမှူးက တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ရာ ပထမဆုရရှိသော မအေးမြတ်သော်(သူနာပြုတက္ကသိုလ်၊ မန္တလေး)၊ ဒုတိယဆုရရှိသူ မခိုင်ဇာလွင်(သူနာပြုတက္ကသိုလ်–မန္တလေး)နှင့် တတိယဆုရရှိသူ မသန္တာစိုး(မိတ္ထီလာ တက္ကသိုလ်)တို့ကို ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက အထက်တန်း၊ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူ မခင်မြတ်နိုးဦး အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရရှိသူ မအေးအိအိကို အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် တတိယဆုရရှိသူ မကျော့အိန္ဒြာဖိုးလ် အမှတ်(၁၇) အခြေခံပညာအလယ်တန်းကျောင်းခွဲတို့ကို ဆုများချီးမြှင့်သည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က အထက်တန်း၊ အလယ်တန်းအဆင့်ပန်းချီပထမဆုရမောင်ကျော်ဇင်ထွန်း၊ ဒုတိယဆုရ မနှင်းဆီမမနှင့် တတိယဆုရ မောင်ဟိန်းမြင့်ကိုကိုတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်

ဆက်လက်၍ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းက တပ်ရင်းအဆင့်စစ်ရေးပြ(အမျိုးသား) ပထမဆုရ စဉ့်ကူးမြို့နယ်၊ ဒုတိယဆုရ မိတ္ထီလာမြို့နယ်၊ တတိယဆုရ အောင်မြေသာစံမြို့နယ်နှင့် တပ်ရင်းအဆင့်စစ်ဆေးပြ(အမျိုးသမီး) ပထမဆုရ စဉ့်ကူးမြို့နယ်၊ ဒုတိယဆုရ မိတ္ထီလာမြို့နယ်၊ တတိယဆုရ အောင်မြေသာစံမြို့နယ်တို့ကို လည်းကောင်း၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်က တပ်ရင်းအဆင့် ထမ်းစင်(အမျိုးသား) ပထမဆုရ အောင်မြေသာစံမြို့နယ်၊ ဒုတိယဆုရ စဉ့်ကူးမြို့နယ်၊ တတိယဆုရ ပြည်ကြီးတံခွန်မြို့နယ်နှင့် တပ်ရင်းအဆင့် ထမ်းစင်(အမျိုးသမီး)ပထမဆုရ အောင်မြေသာစံမြို့နယ်၊ ဒုတိယဆုရ မိတ္ထီလာမြို့နယ်တို့အားလည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် အဖွဲ့ဝင်(၂) ဦးစိန်လှိုင်က တပ်ရင်းအဆင့် နှစ်ယောက်တွဲစွမ်းရည်(အမျိုးသား)ပထမဆုရ မဟာအောင်မြေမြို့နယ်၊ ဒုတိယဆုရ စဉ့်ကူးမြို့နယ်၊ တတိယဆုရ မိတ္ထီလာမြို့နယ်၊ တပ်ရင်းအဆင့် နှစ်ယောက်တွဲစွမ်းရည်(အမျိုးသမီး)ပထမဆုရ ပြည်ကြီးတံခွန်မြို့နယ်၊ ဒုတိယဆုရ မိတ္ထီလာမြို့နယ်၊ တတိယဆုရ မဟာအောင်မြေမြို့နယ်၊ တပ်ရင်းအဆင့် တစ်ဦးချင်းစွမ်းရည်(အမျိုးသား)သူနာပြုစွမ်းရည် ပထမဆုရ မဟာအောင်မြေမြို့နယ်၊ ဒုတိယဆုရ အောင်မြေသာစံမြို့နယ်၊ တတိယဆုရ ပြည်ကြီးတံခွန်မြို့နယ်၊ တပ်ရင်းအဆင့် တစ်ဦးချင်းစွမ်းရည်(အမျိုးသမီး)သူနာပြုစွမ်းရည် ပထမဆုရ ပုသိမ်ကြီးမြို့နယ်၊ ဒုတိယဆုရ ချမ်းမြသာစည်မြို့နယ်၊ တတိယဆုရ မဟာအောင်မြေမြို့နယ်တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ၂၀၀၇ခုနှစ် မန္တလေးတိုင်း ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ဆုရစာစီစာကုံးများ၊ ဆုရ ပန်းချီပုံများပြသထားရှိမှုကို ကြည့်ရှုအားပေးကာ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် အခြေခံကြံခိုင်ရေး သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

● **ကျောဖုံးမှ**

### ရည်မှန်းချက်တာဝန်

ယင်းနောက် တိုင်းမှူးသည် စီမံကိန်း ရည်မှန်းချက် တာဝန်များအား ခရိုင်ဥက္ကဋ္ဌများနှင့် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များအား ဌာနဆိုင်ရာအသီးသီးသို့ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းက ၂၀၀၆–၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက် အကောင်အထည် ဖော်နိုင်မှုအပေါ် သုံးသပ်မှုအခြေအနေများအား လည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမောင်က ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းရည်းမှန်းချက်များ လျာထားမှုအား လည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများက စီမံကိန်း ရည်မှန်းချက် အောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ကြိုးစားဆောင်ရွက်

ယင်းနောက် တိုင်းမှူးက စီမံကိန်း ရည်မှန်းချက်များအား အပြည့်အဝ အကောင်အထည်ဖော်ကာ လျာထားချက်ထက် ပိုမို ကျော်လွန်အောင် ကြိုးစားဆောင်ရွက်သွားရေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# The Live News ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မေ ၁၇**

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်အမှတ်(၃၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် မြန်မာ–ကိုရီးယား ရုပ်ရှင်နီးနှောဖလှယ်ပွဲ၊ ဒုတိယကမ္ဘာစစ်အတွင်းက ထင်ရှားခဲ့သော မြန်မာ–လီဒိုလမ်းမကို အိန္ဒိယက စတင်ပြုပြင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတွင် အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆန္ဒပြုနိုင်၊ ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ ငါး၊ပုစွန်လုပ်ငန်းအထူးစီးပွားရေးဇုန်တည်ထောင်ရန် လာရောက်လေ့လာ၊ 'ဒါး' မ 'က' ပါ ၊ ရွှေစက်တော်သို့သွားတောလား(၂)၊ အတွေး၊ ကျေးဇူးတင်ပါတယ်၊ အရှိန်အဟုန်ပြင်းလာသည့် အမေရိကန်မှ နိုင်ငံရေးပြည်တွင်းစစ်၊ အဆိပ်လက်နက်ကင်းစင်သည့် ကမ္ဘာကြီးဆီသို့၊ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ နုတ်ထွက်တော့မည်၊ ပြင်သစ်သမ္မတ ဆာကိုဇီ၏ နိုင်ငံတကာရေးရာ အလားအလာ၊ အာဖဂန်မှ လူပုရွက်ဆိတ် များ၊ အမေရိကန်တို့၏ တရားဝင်လက်နက်ကိုင်ဆောင်ခွင့်အတွက် ပြဋ္ဌာန်းထားသော ဟင်းရွက်ကန်စွန်းရွက် လက်နက်ဥပဒေများ၊ ၂၀၀၇ခုနှစ် မေလ ၁၉ရက်မှ မေလ ၂၅ ရက်အတွင်း မွေးဖွားသော ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ တက္ကစီမင်းနှင့် လေဖြတ်ဝေဒနာရှင်၊ ကိုရီးယားရုပ်ရှင်ကြိုတင် ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊အနုပညာကဏ္ဍများကို မောင်ခင်မင်(ဓနုဖြူ)၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ သက္က(ခေတ္တရာ)၊မောင်မြတ်မွန်(ဆူးလေ)၊ မမြခက်၊ မောင်နေလင်းနှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

### ဆက်သွယ်နိုင်

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရားစခန်းအောင်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် မေ ၁၇**

သန်လျင်မြို့စာတိုက်ကုန်းမဏ္ဍလာရာမ ကျောင်းတိုက် (၂၅)ကြိမ်မြောက် မဟာစည်သတိပဋ္ဌာန် ၁၀ရက် တရားစခန်းသိမ်းအောင်ပွဲနှင့် မဏ္ဍလာ ဗိမာန်တည်ဆောက်ရေး သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲကို ဧပြီ ၁၈ရက်က ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက် ပဓာန နာယကဆရာတော် ကျိုက်ဒေးယျံအရှင် ဥတ္တရ(ဓမ္မကထိက ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူငွေများပေးအပ်လှူဒါန်းကြရာ ဒေါ်မြတ်သင်းရှိန် (ဇော်ဂျီစတိုး) မိသားစုက ၁၅သိန်း၊ ဦးသန်းလှိုင်နှင့် ဆောက်လုပ်ရေးညီအစ်ကိုများက ငွေကျပ် ခြောက်သိန်း၊ ဆရာမကြီး(ဒေါ်သန်းလှ)အားရည်စူး၍ မိသားစုက ငွေကျပ် ငါးသိန်း၊ ဒေါက်တာဒေါ်အေးရှင်မိသားစု၊ ဦးတင့်လွင်–ဒေါ်နီလာမိသားစု၊ ဒေါ်အေးအေးစန်း မိသားစုနှင့် ဒေါ်တင်ငွေမိသားစုတို့က ငွေကျပ်သုံးသိန်းစီ လှူဒါန်းကြသည်။

### လှူဒါန်း

ထို့အပြင် အလှူရှင် ၃၈ဦးတို့ကလည်း ဆက်လက်လှူဒါန်းကြရာ စုစုပေါင်းအလှူငွေကျပ်၇၃၁၈၀၀၀ပေးအပ်လှူဒါန်းကြပြီး ကျောင်းတိုက် သာသနနုဂ္ဂဟအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့်သန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ **(က–ပ)**

## လှူဒါန်း

**ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၄၉လမ်းနေ ကွယ်လွန်သူရဲအုပ် ဒေါ်ထွေးကြည်ကိုယ်စား မိသားစုများက ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(က–ပ)





# မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင်အသင်း ဒုတိယအကြိမ် သွေးလှူရှင်ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင်အသင်း၏ ဒုတိယအကြိမ် သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်း၊ သွေးလှူရှင်အသင်းနာယက မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာဦးမြသောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ညွှန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ၊ မြို့နယ်ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် မြို့နယ်ကြက်ခြေနီအသင်းမှဦးမျိုးမင်းနောင်နှင့်ဒေါက်တာဒေါ်သန္တာထွန်းတို့ဆောင်ရွက်ကြသည်။

### ကျေးဇူးတင်စကား

အခမ်းအနားတွင် သွေးလှူရှင်အသင်းနာယက မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြသောင်း **(ယာပုံ)** ပါမောက္ခ/ ဌာနမှူး ဒေါက်တာ ဒေါ်အေးအေးသန်းတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး သွေးလှူရှင်အသင်း နာယက ဦးမြင့် (ကျိုက်လတ်မိုးမြင့်)ကအသင်းကြီးဖြစ်ပေါ် တိုးတက်မှုအခြေအနေကို တင်ပြသည်။ ယင်းနောက် ဂုဏ်ပြုခံသွေးလှူရှင်များ ကိုယ်စား ၁၀၉ကြိမ်မြောက် သွေးလှူရှင် ဦးအေးကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် မြို့နယ်သွေးလှူရှင်အသင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်၊ ဇနီး ဒေါ်စန်းကြည် (ခ) ဒေါ်မြစမ်းကြည် မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်း၊ ဦးဘမြင့် (လကမ္ဘာအထူးကုဆေးခန်း)က အလှူငွေကျပ် တစ်သိန်း၊ ဦးချိုအေး(ACA)မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဦးတင်ထွန်းမိသားစုက အလှူငွေကျပ် တစ်သိန်းနှင့်အခြားအလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လာပေးအပ်သည်။

ယင်းနောက် အကြိမ် (၄၀)နှင့်အထက် သွေးလှူရှင်များအား ဂုဏ်ပြုတံဆိပ်များကို တာဝန်ရှိသူများက ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရသည်။ **(မြန်မာ့အလင်း)**

# သွေးဆေးကန် အရှင်နန္ဒာစရိယ အထူးတရားစခန်းပွဲ

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန်အရှင် နန္ဒာစရိယ (ခက်သင်) သာသနဓဇဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့၌ နယုန်လဆန်း ၁၅ ရက်မှ နယုန်လပြည့်ကျော် ၄ရက်အထိ ကျင်းပမည့် တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် အလှူငွေပေးအပ်

ရန်ကုန် မေ ၁၇

**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် မြန်မာဘရူဝါရီလီမိတက် (Myanmar Brewery Ltd.)က လှူဒါန်းသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ချီးမြှင့်ပြီး အလှူငွေများ လက်ခံသည်။**

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် ငွေကျပ် သိန်း ၅၀ ကို မြန်မာဘရူဝါရီလီမိတက်မှ General Manager Mr. Peter Ong နှင့် Deputy General Manager ဦးမောင်မောင်စိန်တို့က ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် မြန်မာဘရူဝါရီလီမိတက်က လှူဒါန်းငွေကျပ် သိန်း ၅၀ ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လက်ခံစဉ်။** (မြို့တော်စည်ပင်)

# ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

**ရန်ကုန် မေ ၁၇**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် (စနေနေ့) နံနက် ၇ နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနယ်မြေ ယုဇနလမ်းနှင့် နွယ်သာကီလမ်းထောင့် အမှတ်(၄-၁) ရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းရုံး အဆောက်အအုံသစ်၌ လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဒသမအကြိမ် အသင်းသားစုံညီ အစည်းအဝေးကို မေ ၁၉ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌လည်းကောင်း ကျင်းပမည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဒ္ဒါသင်္ဂြိုဟ်အခြေခံသင်တန်းပို့ချမည်

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်း ပရိယတ္တိ သဒ္ဓမ္မာရုံကျောင်းတိုက်မှ အသက် ၁၅ နှစ်အောက် သာမဏေများကို သဒ္ဒါသင်္ဂြိုဟ်အခြေခံမှစ၍ အငယ်၊ အလတ်၊ အကြီး၊ ဓမ္မာစရိယတန်းအထိ ပါဠိစာပေများကို (၁၃၆၉ ခုနှစ် နယုန်လဆန်း ၃ ရက်) မေ ၁၈ ရက်မှစ၍ ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသည့် သင်တန်းသားများ ဆရာ မိဘအပ်နှံစာဖြင့် စာသင်သား အသစ်များအဖြစ် လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ချစ်ကြည်ရေးဘော်လီဘောလက်ရည်စမ်းပွဲ မြန်မာ-အိန္ဒိယ ငါးပွဲပြည့် အကြိတ်အနယ်ယှဉ်ပြိုင်

ရန်ကုန် မေ ၁၇

**မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ် ချန်ပီယံဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေး လက်ရည်စမ်းပွဲ စတုတ္ထပွဲစဉ်ကို ယနေ့ညနေ ၃ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ အိန္ဒိယတက္ကသိုလ် ချန်ပီယံဘော်လီဘောအသင်းသည် ယခင်ပွဲများထက် လက်မှန်ရလာပြီး မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းကို သူတင်ကိုယ်တင်ယှဉ်ပြိုင်ကစားသွားရာ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံများသည့် မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းကို ငါးပွဲပြည့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး သုံးပွဲနှစ်ပွဲဖြင့် ရှုံးနိမ့်သွားသည်။**

### သရေဖြစ်နေ

ပထမပွဲတွင် မြန်မာအသင်းက ၂၇ မှတ်-၂၅ မှတ်ဖြင့် လည်းကောင်း၊ မြန်မာအသင်းက အနိုင်ရရှိပြီး ဒုတိယပွဲတွင် အိန္ဒိယတက္ကသိုလ် ဘော်လီဘောအသင်းက ၂၅ မှတ်-၁၄ မှတ်ဖြင့် အနိုင်ရရှိကာ တစ်ပွဲစီနိုင်သဖြင့် သရေဖြစ်နေသည်။ တတိယပွဲတွင် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းက ၂၅ မှတ်-၂၀ မှတ်ဖြင့်အနိုင်ရရှိပြီး ပြိုင်ပွဲကို နှစ်ပွဲတစ်ပွဲဖြင့် ဦးဆောင်နေသော်လည်း စတုတ္ထပွဲတွင် အိန္ဒိယတက္ကသိုလ် ဘော်လီဘောအသင်းက ၂၅ မှတ်-၂၁ မှတ်ဖြင့် ပြန်လည်အနိုင်ရရှိကာ နှစ်ပွဲစီသရေဖြစ်နေသည်။

### ခက်ခက်ခဲခဲ

ယနေ့ပွဲတွင် အိန္ဒိယတက္ကသိုလ် ဘော်လီဘောအသင်းသည် ယခင်ပွဲ အားနည်းချက်များကိုပြုပြင်၍ ယှဉ်ပြိုင်ခဲ့ရာ ပဏာမ မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းအဖို့ ခက်ခက်ခဲခဲ ကစားသွားခဲ့ရသည်။

### အတွေ့အကြုံ

နောက်ဆုံး အဆုံးအဖြတ်ပွဲ ပဉ္စမမြောက်ပွဲတွင် နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံများသည့် ပဏာမလက်ရွေးစင် အသင်းကိုမယှဉ်နိုင်ဘဲ ၁၅ မှတ်-၁၀ မှတ်ဖြင့် အိန္ဒိယတက္ကသိုလ် ဘော်လီဘောအသင်း ရှုံးနိမ့်သွားရခြင်းဖြစ်သည်။ ပဏာမမြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းသည် ယခင်ပွဲများလောက် လက်စွမ်းမပြနိုင်သော်လည်း အသင်းလိုက်စုစည်းမှု အားကောင်းခြင်းကြောင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

**အိန္ဒိယတက္ကသိုလ် ဘော်လီဘောအသင်း၏ ရိုက်ခုတ်မှုကို မြန်မာ့လက်ရွေးစင်အသင်းမှ ပိတ်ဆို့ကာကွယ်ထားစဉ်။**
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

# မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အချို့၌ ပျက်စီးဆုံးရှုံးမှုများရှိခဲ့

**ရန်ကုန် မေ ၁၇**

မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော"အကာ့ရှ်"အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြည်နယ်၊ တိုင်းအချို့ရှိ မြို့နယ်များတွင် မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ် ဟားခါးမြို့နယ်၌ ဟားခါး-ဂန့်ဂေါသွားလမ်းတွင် တောင်ပြိုပြီး လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သဖြင့် ယာဉ်သွားလာမှုခေတ္တရပ်တန့်ကာ တာဝန်ရှိသူများက စက်များဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့တွင် နေအိမ်တစ်လုံး၏ မီးဖိုဆောင် အုတ်နံရံပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

### ရေနစ်မြုပ်

ထို့အပြင် မကွေးတိုင်း ပေါက်မြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် ဆောမြို့တို့တွင် ချောင်းရေများကျဆင်းမှုကြောင့် ယာဉ်သွားလာမှုများ ခေတ္တရပ်တန့်ထားရခြင်း၊ ဓာတ်တိုင်အချို့ လဲကျပျက်စီးခြင်းများရှိခဲ့ကြောင်း၊ မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ကုတင်ရွာတွင် ရေနစ်မြုပ်မှုများရှိခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင် ငါးဖမ်းစက်လှေနှစ်စင်း နစ်မြုပ်ခဲ့မှုကြောင့် ရေလုပ်သားအချို့ ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်နှင့် မြေပုံမြို့နယ်တို့တွင် သစ်ပင်များပြိုလဲခြင်း အဆောက်အအုံအချို့ အမိုးလန်ခြင်း၊ ဖုန်းလိုင်းပြတ်တောက်ခြင်းများရှိခဲ့ကြောင်း သိရသည်။

### ပံ့ပိုးဖြည့်ဆည်းပေး

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်၊ အင်္ဂပူမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့တွင် နေအိမ်အချို့ အမိုးလန်ခြင်း၊ စာသင်ကျောင်းဆောင်အချို့ အမိုးလန် ယိုင်နဲ့ပျက်စီးသွားခဲ့သဖြင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

## ဗီတာမင်အများအပြားစားလျှင် အမျိုးသားများ ဆီးကျိတ်ကင်ဆာ ပိုမိုဖြစ်ပွားနိုင်

နယူးယောက် မေ ၁၇

**ဗီတာမင်အများအပြားကို စားသုံးခြင်းသည် လူ့အသက် သေစေနိုင်သည့် ဆီးကျိတ်ကင်ဆာကဲ့သို့သော ကင်ဆာများအား ပိုမိုဖြစ်ပွားစေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။**

### ဖော်ပြ

**သီတင်းတစ်ပတ်လျှင် ခုနစ်ကြိမ်ကျော် ဗီတာမင်အများအပြား စားသုံးခဲ့သူများသည် ဆီးကျိတ်ကင်ဆာ ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။**

**အမျိုးသား သုံးသိန်းခန့်ကို သုတေသနပြုခဲ့ရာ ဆီးကျိတ်ကင်ဆာဖြစ်သူ ၃၂ ရာခိုင်နှုန်းသည် တစ်နေ့လျှင် ဗီတာမင်အများအပြား စားသုံးခဲ့သူများဖြစ်ကြောင်း သိရသည်။**

### အကြံပြု

**အမျိုးသားများတွင် ကင်ဆာဖြင့်သေဆုံးသူများတွင် ဆီးကျိတ်ကင်ဆာကြောင့် သေဆုံးသူသည် ဒုတိယအများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ကင်ဆာရောဂါဖြစ်ပွားမှု လျော့နည်းအောင် ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။**



**သမီး မသန့်မေမီဇော်အား ရည်စူး၍ မန္တလေးမြို့ ၃၃ လမ်း ၈၀ x ၈၁ လမ်းနေ ဦးဇော်ဇော်-ဒေါ်ဝင်းမင်းသန်း (ကြည်ပြာစတိုး) မိသားစုက ကျပ် ၂၁ သိန်းတန်ဖိုးရှိ အောက်စီဂျင်ပေးစက် တစ်လုံးကို မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်ဝင်း၊ ဆေးရုံအုပ် ဒေါက်တာတင်တင်မိုး၊ ပါမောက္ခ သမားတော် ဒေါက်တာ ဦးတင်မောင်ဟန်တို့ လက်ခံကြစဉ်။** (သတင်းစဉ်)

# ပဲခူးတိုင်း ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၇**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက် နံနက် ၈ နာရီခွဲက ရွှေကျင်မြို့နယ် ဘောကထကျေးရွာမှ ဦးတင်လှ၏သား တိုးကြီး အသက် ၁၅ နှစ်သည် အစ်ကိုဖြစ်သူနှင့်အတူ ကျွဲပျောက်ရှာသွားစဉ် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ တိုးကြီး၏ ဘယ်ဘက်ခြေထောက် ခြေမျက်စိအထက်မှပြတ်ကာ ဘယ်ဘက်ဒူးခေါင်း မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

### မိုင်းစထိမှန်

အလားတူ မေ ၁၁ ရက် နံနက် ၈ နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာ (၃)ရပ်ကွက်နေ ဦးသောင်း၏သား မောင်စန်းဝင်း အသက် ၃၈ နှစ်သည် ဟင်းရွက်ခူးရန်အတွက် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး မောင်စန်းဝင်း၏ ဘယ်ဘက်ခြေထောက်နှင့် ခြေချင်းဝတ်မှပြတ်ကာ ညာဘက်လက်ဖျံ မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

### ရှင်းလင်းဆောင်ရွက်

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် တိုးကြီးအား ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ မောင်စန်းဝင်းအား မုန်းတိုက်နယ်ဆေးရုံသို့လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သံကူကွန်ကရစ်တံတားသစ် ကျွန်းစုမြို့နယ်တွင် ဖွင့်လှစ်

**ရန်ကုန် မေ ၁၇**

တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာ မေတ္တာပေါင်းကူးတံတားသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါ တံတားထိပ်၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အစီအစဉ်အရ ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းညွန့်က မေတ္တာပေါင်းကူးတံတားသစ် တည်ဆောက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

### ကျေးဇူးတင်စကား

ဆက်လက်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းညွန့်က တံတားနှင့်ပတ်သက်သော စာရွက်စာတမ်းများကို တံတားတည်ဆောက်ရေးကော်မတီသို့ ပေးအပ်ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မေတ္တာပေါင်းကူးတံတားသစ်ကို တနင်္သာရီ ရေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သူရသက်ဆွေ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မေတ္တာပေါင်းကူးတံတားသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

### အမျိုးအစား

အဆိုပါတံတားမှာ အရှည်ပေ ၇၀၊ အကျယ် ၁၈ ပေရှိပြီး သံကူကွန်ကရစ်ပိုင်တိုင်ခံ အမျိုးအစားဖြစ်သည်။ စုစုပေါင်း ကုန်ကျငွေ ကျပ် ၇၈၈၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံ တရုတ်၌ တည်ဆောက်နေ

ရှန်ဟိုင်း မေ ၁၇

**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကမ္ဘာ့အထပ်အမြင့်ဆုံး အဆောက်အအုံတစ်ခုဖြစ်သော ရှန်ဟိုင်းကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ** (အပေါ်ပုံ) **တည်ဆောက်လျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ မေ ၁၅ ရက်က ဖော်ပြသည်။**

**အဆိုပါ အဆောက်အအုံသည် အမြင့် ၄၉၂ မီတာမြင့်ကာ အထပ် ၁၀၁ထပ် ပါရှိမည်ဖြစ်သည်။**

**ရှန်ဟိုင်းကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ တည်ဆောက်ရေးအား ၂၀၀၈ ခုနှစ်ကုန်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။** (အင်တာနက်)

# ဂျပန်ဖရဲသီး နှစ်လုံး ယန်းငွေနှစ်သန်းဖြင့် ရောင်းချ

**တိုကျို မေ ၁၇**

ဂျပန်နိုင်ငံ ယူဘာရီမြို့မှ ဖရဲသီးနှစ်လုံးကို လေလံတင်ရောင်းချရာ ဂျပန်ယန်းငွေ နှစ်သန်း(အမေရိကန် ဒေါ်လာ ၁၆၆၀၀)ဖြင့် ရောင်းချလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဖရဲသီးများကို ဟော်ကိုင်းဒိုးကျွန်းမြောက်ပိုင်း ဆပ်ပိုရိုမြို့မှ မာရုအီမိုင်ကုမ္ပဏီက ပေးဝယ်သွားကြောင်း သိရသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# နိုင်ငံရပ်ခြားမှ ကုမ္ပဏီ ၆၁၀၀၀၀ တရုတ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံ

ပေကျင်း မေ ၁၇

**တရုတ်နိုင်ငံ၌ ပင်လယ်ရပ်ခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီပေါင်း ၆၁၀၀၀၀ ရှိကြောင်း ၂၀၀၆ ခုနှစ် စက်တင်ဘာလက ထူထောင်လိုက်သည့် တရုတ်တစ်ပြည်လုံး ကုန်သွယ်ရေးသမဂ္ဂက မေ ၁၅ ရက်တွင် ပြောကြားသည်။**

**အဆိုပါ ရင်းနှီးမြှုပ်နှံမှုတွင် ဟောင်ကောင်နှင့် မကာအိုတို့မှ ရင်းနှီးမြှုပ်နှံမှုများလည်း ပါဝင်သည်ဟုဆိုသည်။** အမ်အင်န်အေ၊ဆင်ဟွာ

# တားမြစ်ဟော်မုန်းဆေး စတားလုံးတင်သွင်း

**ဆစ်ဒနီ မေ ၁၇**

ဟောလီးဝုဒ် ရုပ်ရှင်သရုပ်ဆောင် စတားလုံးသည် ဩစတြေးလျနိုင်ငံအတွင်းသို့ တားမြစ်ထားသည့် တရားမဝင် ဟော်မုန်းဆေးများ တင်သွင်းခဲ့မိကြောင်း မေ၁၅ ရက်က ဝန်ခံပြောကြားလိုက်သည်။

၎င်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက အမေရိကန်မှ ဆစ်ဒနီလေဆိပ်သို့ ရောက်ရှိလာစဉ် တားမြစ်ထားသော ဟော်မုန်းဆေးများ တရားမဝင် တင်သွင်းခဲ့မိ၍ အပြစ်ရှိကြောင်း ဆစ်ဒနီတရားရုံးတစ်ရုံးသို့ စာတစ် စောင်ရေးသားပေးပို့ခဲ့ကြောင်း ၎င်း၏ရှေ့နေ ဖီးလစ်ဘော်လ်တန်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နစ်ဆန်းမော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းမှ တီထွင်ထုတ်လုပ်ထားသည့် လျှပ်စစ်ကားတစ်စီးကို မေ ၁၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# အီရတ်မှ ဩစတြေးလျ ပေါင်းတပ်ဖွဲ့များ ရုပ်သိမ်းရန် တူရကီဝန်ကြီးချုပ် အာဒိုဂန်တိုက်တွန်း

**အန်ကာရာ မေ ၁၇**

အီရတ်မှ ညွန့်ပေါင်းတပ်ဖွဲ့ဝင်များ အမြန်ဆုံးရုပ်သိမ်းပေးသင့်ကြောင်း တူရကီဝန်ကြီးချုပ် ရီဆတ်တေယစ်အာဒိုဂန်က မေ ၁၅ ရက်တွင် ပြောကြားလိုက်သည်ဟု အနာတိုလီယာသတင်းဌာနက ကြေညာသည်။

**တက်ရောက်**

တူရကီနိုင်ငံမှ အကြီးဆုံးမြို့ဖြစ်သော အစ္စတန်ဘူမြို့၌ ကျင်းပသည့် နိုင်ငံတကာသတင်းစာအဖွဲ့ချုပ်၏ ၂၀၀၇ခုနှစ်ကွန်ဂရက်သို့ တက်ရောက်လာကြသည့် သတင်းစာဆရာများ၏ မေးမြန်းချက်ကို ဖြေကြားရာတွင် တူရကီဝန်ကြီးချုပ် အာဒိုဂန်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**စစ်ရုပ်စဲ**

သို့သော် ညွန့်ပေါင်းတပ်ဖွဲ့ဝင်များ အီရတ်မှ ရုတ်တရက် ဆုတ်ခွာပေးခြင်းကိုမူ ၎င်းကကန့်ကွက်လိုက်သည်။ အီရတ်မှ ညွန့်ပေါင်းတပ်များ ရုတ်တရက်ရုပ်သိမ်းဆုတ်ခွာပေးလျှင် မှားယွင်းမည်ဖြစ်ကြောင်း ရုတ်တရက် ရုပ်သိမ်းခြင်းမပြုဘဲ အချိန်သတ်မှတ်ပြီး ရုပ်သိမ်းခြင်းသည်သာ အီရတ်၌ ပြည်တွင်းစစ် ရုပ်စဲသွားမည်ဖြစ်ကြောင်း၊ တူရကီဝန်ကြီးချုပ် အာဒိုဂန်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ၂၀၁၀ပြည့်နှစ်တွင် ဂျုံ(ဂွမ်း)တန်ချိန် ၇၀၀၀၀ ထွက်ရှိရေး အင်ဒိုနီးရှား၌ စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိ

ဂျကာတာ မေ ၁၇

**အင်ဒိုနီးရှားနိုင်ငံသည် ပြည်ပနိုင်ငံများမှ ဝါဂွမ်းမှာယူမှု လျှော့နည်းနိုင်စေရန် ရည်မှန်း၍ ၂၀၁၀ ပြည့်နှစ်အရောက်တွင် ပြည်တွင်း၌ ဝါဂွမ်းထုတ်လုပ်မှု တန်ချိန် ၇၀၀၀၀ တိုးမြှင့် ရရှိရန်အတွက် စီမံကိန်းချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ ဝါဂွမ်းထုတ်လုပ်ရေးအဖွဲ့မှ ဒါရိုက်တာတစ်ဦးက မေ ၁၄ ရက်တွင် ပြောကြားသည်။**

အင်ဒိုနီးရှား၌ ဝါဂွမ်းအသုံးပြုမှုမှာ တစ်နှစ်လျှင် တန်ချိန် ၅၅၀၀၀၀ လိုအပ်လျက်ရှိရာ ပြည်တွင်း၌ ထုတ်လုပ်နိုင်မှုမှာ တန်ချိန် ၅၀၀၀ သာ ထွက်ရှိသည်။ ကျန်လိုအပ်သည့် ပမာဏကို ပြည်ပမှ မှာယူရရှိသည်။

**မျှော်မှန်း**

သို့ဖြစ်ရာ ၂၀၁၀ ပြည့်နှစ်အရောက်တွင် ပြည်တွင်း၌ ဝါစိုက်ပျိုးရန် မြေဟက်တာ ၅၀၀၀၀ မျှော်မှန်းထားရှိသည်။ အဆိုပါ စိုက်မြေဧက စိုက်ပျိုးပြီးစီးပါက ဝါဂွမ်းတန်ချိန် ဟက်တာ၁ဒသမ၄ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း အန်တာရာသတင်းဌာနက ဖော်ပြသည်။

**ထွက်ရှိ**

သို့ရာတွင် လက်ရှိစိုက်ပျိုးထုတ်လုပ်သည့် အရည်အသွေး မပြည့်မီသဖြင့် တန်ချိန်ဟက်တာ ၀ဒသမ၆ ရာခိုင်နှုန်းသာ ထွက်ရှိသည်။

**တိုးချဲ့**

ဝါဂွမ်း တိုးမြှင့်စိုက်ပျိုးရေး အစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံတွင် ပြည်နယ်ခုနစ်ရှိ ပြည်နယ်ဒေသပေါင်း ၅၅မြို့နယ်တို့တွင် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

**စိုက်ပျိုး**

အဓိကအားဖြင့် ဂျာဗား အလယ်ပိုင်းဒေသ၊ ဂျာဗားအရှေ့ပိုင်း၊ ရိယာကာတာဘောလီပြည်နယ် နုဆာ အရှေ့ပိုင်း၊ တန်ဂျာရာပြည်နယ်နှင့် ဆူလာဝေစီတောင်ပိုင်းဒေသများတွင် စိုက်ပျိုးမည်ဖြစ်သည်။

၂၀၀၆ခုနှစ်တွင် ပြည်တွင်း၌ ဝါစိုက်ပျိုးမှုဟက်တာ ၈၉၈၀ခန့် စိုက်ပျိုးခဲ့ရာ ထွက်ကုန်ပမာဏတန်ချိန် ၄၁၉၁ရရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# စင်ကာပူနှင့် မလေးရှား ခေါင်းဆောင်များ နှစ်နိုင်ငံ အရေးကိစ္စများ တွေ့ဆုံဆွေးနွေး

**လန်ကာဝီ (မလေးရှား) မေ ၁၇**

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီနှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့သည် မေ ၁၅ရက်က မလေးရှားမြောက်ပိုင်း လန်ကာဝီ အပန်းဖြေစခန်း၌ တွေ့ဆုံပြီး နှစ်နိုင်ငံ အရေးကြီးကိစ္စများ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။

**ဆွေးနွေး**

ယင်းတို့သည် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံ အရေးကိစ္စများကိုဆွေးနွေးခဲ့ကြကြောင်း အဆိုပါ အပန်းဖြေစခန်းရှိ ဟိုတယ်တစ်ခု၌ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ် ဘာဒါဝီက ပြောကြားသည်။

**ဆောင်ရွက်**

စင်ကာပူနှင့် မလေးရှားတို့သည် ဆက်ဆံရေးအလွန်ကောင်းခဲ့သဖြင့် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ခြင်းကို ထိန်းထားနိုင်ခဲ့ကြောင်း အလည်အပတ်ရောက်ရှိနေသော စင်ကာပူ ဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**ဂျာမနီနိုင်ငံ တောင်ပိုင်း မြူးနစ်မြို့ရှိ တိရစ္ဆာန်ဥယျာဉ် တွင် မွေး မြူ ထားသော ရှစ်နှစ်သား အရွယ် ပိုလာဝက် ဝံ တစ်ကောင်အား တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ရှန်ယန်းမြို့ရှိ မော်တော်ကား ထုတ်လုပ်သည့် လုပ်ငန်းခွင် တစ်နေရာကို မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများရရှိရေး ဇင်ဘာဘွေကုန်သွယ်ရေးအဖွဲ့ ရုရှားသို့စေလွှတ်မည်

ဟာရာရေး မေ ၁၇

ဇင်ဘာဘွေနိုင်ငံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေး ရည်ရွယ်ချက်တစ်ရပ်အဖြစ် ရုရှားနိုင်ငံသို့ ကုန်သွယ်ရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း ဇင်ဘာဘွေရင်းနှီးမြှုပ်နှံမှု အာဏာပိုင်အဖွဲ့(ဇက်အိုင်အေ)က မေ ၁၅ ရက်တွင် ထုတ်ပြန်လိုက်သည်။

ဇင်ဘာဘွေနိုင်ငံမှ ကုန်သွယ်ရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရခြင်းမှာ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်အတွက်ဖြစ်ကြောင်း ဇက်အိုင်အေအဖွဲ့ အကြီးအကဲ ရစ်ချက်အမ်ဘာယီဝါက ပြောကြားသည်။ ဇက်အိုင်အေအနေဖြင့် အဆိုပါ ကုန်သွယ်ရေးမစ်ရှင်အဖွဲ့အား စေလွှတ်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ သို့သော်လည်း ဇင်ဘာဘွေနိုင်ငံစက်မှုနှင့် နိုင်ငံတကာ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်စောင့်ဆိုင်းနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဇက်အိုင်အေသည် ယခုနှစ်အစောပိုင်းကပင် ပြည်သူများအား ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခွင့်ပြုရန် တံခါးဖွင့်ပေးခဲ့ကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် ပြည်တွင်းသာမက ပြည်ပမှလည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေး ဆွဲဆောင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် တရုတ်နှင့် ချီလီနိုင်ငံတို့ ဆွေးနွေး

ဆန်တီဂို မေ ၁၇

**ချီလီနှင့်တရုတ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ချီလီနိုင်ငံ သမ္မတ မစ်ချယ်ဘာချီလက်နှင့် ချီလီနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်ကာကွယ်ရေးဝန်ကြီး ကာရိုဂန်ချွမ်တို့ မေ ၁၄ ရက်၌ ဆွေးနွေးကြသည်။**

ချီလီနှင့် တရုတ်နိုင်ငံတို့သည် ၃၇ နှစ်ကြာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နိုင်ငံများဖြစ်ပြီး နိုင်ငံတကာ ကိစ္စရပ်များနှင့် နယ်ပယ်ကဏ္ဍ အသီးသီးတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံများဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး ကာရိုဂန်ချွမ်က ပြောကြားသည်။

## ပိုမိုဖွံ့ဖြိုး

တရုတ်သမ္မတ ဟူကျင်တောင်သည် ၂၀၀၄ခုနှစ်က ချီလီနိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိခဲ့ပြီး နောက်ပိုင်း နှစ်နိုင်ငံ ဆက်ဆံရေးများ ပိုမိုဖွံ့ဖြိုး တိုးတက်လာခဲ့သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားကြရေး၊ မိတ်ဖက်နိုင်ငံအဖြစ် ဆက်လက် လက်တွဲသွားကြရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အိန္ဒိယမှ နီပေါသို့ ရေနံထုတ်ကုန်များ ပြန်လည်တင်ပို့မည်

ခတ္တမန္ဒူ မေ ၁၇

**အိန္ဒိယရေနံကော်ပိုရေးရှင်း (အိုင်အိုစီ)သည် ရေနံနှင့်ရေနံထုတ်ကုန်များကို နီပေါနိုင်ငံသို့ ပြန်လည်တင်ပို့ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း နီပေါနိုင်ငံထုတ် သည်ဟိုင်မာလာယန်တိုင်းမ်သတင်းစာက မေ ၁၅ ရက်၌ ဖော်ပြသည်။**

အိုင်အိုစီမှထုတ်လုပ်သော ရေနံချောဆီ ၁၀၀၉ ကီလိုလီတာကို နီပေါနိုင်ငံသို့ ပြန်လည်တင်ပို့ ပေးနေပြီဖြစ်ကြောင်း အိန္ဒိယအရာရှိတစ်ဦးက ပြောကြားသည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြသည်။

## လျှော့ချခဲ့

အိုင်အိုစီသည်ပြီးခဲ့သည့် သီတင်းပတ်က ငွေကြေးကိစ္စရပ်နှင့် ပတ်သက်ပြီး နီပေါနိုင်ငံသို့ ရေနံချောဆီများ တင်ပို့မှု ၄၀ရာခိုင်နှုန်းကို လျှော့ချခဲ့သည်။

## ပြန်လည်ပေးပို့

ယခုအခါ အိန္ဒိယရေနံကော်ပိုရေးရှင်း (အိုင်အိုစီ)နှင့် နီပေါရေနံကော်ပိုရေးရှင်း(အင်အိုစီ)တို့ နှစ်ဖက်တွေ့ဆုံညှိနှိုင်းခဲ့ပြီးနောက် သဘောတူညီမှုရရှိခဲ့သဖြင့် ရေနံချောဆီများ ပြန်လည်ပို့ပေးခဲ့ခြင်းဖြစ်သည်။ နီပေါနိုင်ငံ ရေနံကော်ပိုရေးရှင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆သန်းခန့်ကို အိန္ဒိယ ရေနံကော်ပိုရေးရှင်းသို့ ပေးချေရမည်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ကြက်ငှက်တုပ်ကွေးရောဂါ အိန္ဒိယ၌မတွေ့ရ

နယူးဒေလီ မေ ၁၇

အိန္ဒိယနိုင်ငံ ပြည်နယ် နှစ်ခုတွင် သေဆုံးခဲ့ကြသည့် ကြက်၊ ငှက်များနှင့် ဘဲများတွင် ကြက် ငှက် တုပ်ကွေး ရောဂါ မတွေ့ရကြောင်း မေ ၁၄ရက်တွင် အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလီပြည်နယ်နှင့် အိန္ဒိယတောင်ပိုင်း ကီရာလာပြည်နယ်တို့တွင် ကြက်၊ငှက်အသေများကို အရာရှိများက အဆင့်မြင့် တိရစ္ဆာန်ရောဂါကာကွယ်ရေး ဓာတ်ခွဲခန်းသို့ပို့ပြီး နမူနာများကို ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုမရှိသည်ကို စမ်းသပ်ခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ဟမ်ဘာဂါပုံစံ ဖရုံသီး

**ဟမ်ဘာဂါပုံစံ ဖြစ်ပေါ်နေသော ဖရုံသီးတစ်လုံးကို တွေ့ရစဉ်။** (ယာပုံ)

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်အတွင်းရှိ စိုက်ခင်းတစ်ခုမှ ဖရုံသီးကြီး တစ်လုံးသည် အပေါ်ပိုင်းနှင့် အောက်ပိုင်း သီးခြားစီကြီးထွားနေမှုမှာ ဟမ်ဘာဂါ တစ်ခုကဲ့သို့ ထူးခြားစွာဖြစ်ပေါ်နေကြောင်း သိရသည်။ **(အင်တာနက်)**

# ပါကစ္စတန်တွင် ပစ်ခတ်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၁၇

ပါကစ္စတန်နိုင်ငံ လူမျိုးစုများ နယ်မြေအတွင်း၌ မေ ၁၄ ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးသွားကြောင်း ပါကစ္စတန်စစ်ဘက်က ကြေညာသည်။

နယ်စပ်၌ အာဖဂန်အရာရှိများနှင့် တွေ့ဆုံသည့် အစည်းအဝေးမှအပြန် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်များကို သူပုန်များက သေနတ်ဖြင့်ပစ်ခတ်ကြောင်း ပါကစ္စတန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဝါဟစ်အာရှတ်က ပြောကြားသည်။

အဆိုပါ နယ်စပ်အစည်းအဝေးမှာ နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် ပါကစ္စတန်တပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုများ ရပ်တန့်ရန် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်သည်။

မေ ၁၄ ရက်က တိုက်ပွဲမရှိကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များအား မည်သူတွေပစ်ခတ်သည်ကို စတင်စုံစမ်းနေပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မေ ၁၃ ရက်ကမှ ပါကစ္စတန်နိုင်ငံ ကာရမ်လူမျိုးစုဒေသအတွင်းတွင် အာဖဂန်တပ်ဖွဲ့ဝင်က ပစ်ခတ်ခဲ့သဖြင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များက တုံ့ပြန်ပစ်ခတ်ရာ၌ အာဖဂန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးကြောင်း ပါကစ္စတန် စစ်ဘက်ကကြေညာသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ရှားပါးသော တိရစ္ဆာန်မျိုးစိတ်သစ်

**ရှားပါးသော တိရစ္ဆာန်မျိုးစိတ်သစ် တစ်ကောင်ကို တွေ့ရစဉ်။** (ဝဲပုံ)

အိန္ဒိယနိုင်ငံ ဂါဟာတီမြို့အနီး သစ်တောတစ်ခုအတွင်းမှ ရှာဖွေတွေ့ရှိသော တိရစ္ဆာန်တစ်ကောင်သည် နူးညံ့ဖြူဖွေးသော အမွေးရှည်များရှိပြီး အနည်းငယ်ကြီးသော မျက်လုံးများ ပါရှိသည်။ ခြေလက်များမှာ ခန္ဓာကိုယ်ထက် တုတ်ခိုင်ကြီးမားကာ မျောက်ဝံနှင့်ပုံသဏ္ဌာန် အနည်းငယ်တူသည်။ သုတေသနပညာရှင်များက လူတို့ကို အန္တရာယ်မပြုတတ်သော တိရစ္ဆာန်မျိုးစိတ်သစ်ဖြစ်ပြီး အလွန်ရှားပါးကြောင်း ပြောကြားသည်။ **(အင်တာနက်)**

# အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ပတ်လည် ဝိဇာတမင်္ဂလာ အခမ်းအနားကျင်းပ

## ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

နေပြည်တော် မေ ၁၇

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့သည် မေ ၁၅ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမ၌ကျင်းပသည့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်သည့် ပထမနှစ်ပတ်လည်နေ့ ဝိဇာတမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။**

ဝိဇာတမင်္ဂလာအခမ်းအနားသို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးကြီး ညိုမြင့်နှင့် ဌာနမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### အနေကဇာတင်

အခမ်းအနားတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်အားတပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ပင့်သံဃာတော် ၁၅ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

### ငါးပါးသီလခံယူ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီး ဒေါ်ဝင်းဝင်းနုနှင့် ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် သံဃာတော်များက မင်္ဂလသုတ်၊ မေတ္တသုတ်၊ ရတနသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားတော်မူကြသည်။ ဆက်လက်၍ ဝန်ကြီးနှင့်ဇနီး၊ ဌာနကြီးမှူးများနှင့် ဧည့်ပရိသတ်အပေါင်းတို့က သံဃာတော်များအား လှူဖွယ်ပစ္စည်း၊ ဝတ္ထု အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

### ရေစက်သွန်းချအမျှဝေ

ထို့နောက် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်က အနုမောဒနာ တရားဟောကြားတော်မူရာ ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဝိဇာတမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာမဟာစည်ရိပ်သာ၌ အသစ်တည်ဆောက်လျက်ရှိသော မြတ်သစ္စာသိမ်တော်အတွက် မရမ်းကုန်းမြို့နယ် ဇေယျာခေမာလမ်း အေ-၁၆၁ နေ ကျောင်းအမကြီး ဒေါ်လှခင်စောက မ,တည်အလှူငွေကျပ် သိန်း ၅၀၀ကို မြတ်သန္တာမဟာစည်ရိပ်သာ ဆရာတော် အရှင်သီရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်

## မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် မေ ၁၇

**ကျန်းမာရေးဦးစီးဌာနနှင့်ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သွားရောက်ကြည့်ရှု စစ်ဆေးအားပေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်သည် နံနက် ၇ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူးဒေါက်တာ အောင်သန်း၊ မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်ဦးဦး၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးမှူးဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက မြောက်ဥက္ကလာပမြို့နယ်ရှိ ရပ်ကွက် ၁၉ ရပ်ကွက်တွင် လူဦးရေ ၂၄၉၇၈၄ နေထိုင်မှု၊ ပညာရေးနှင့် သောက်သုံးရေရရှိမှု၊ မြောက်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ လအလိုက် ဖြစ်ပွားခဲ့မှုနှင့် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်း စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

### အသိပညာပေးဟောပြော

ထို့နောက်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် မြောက်ဥက္ကလာပမြို့နယ် ဃ ရပ်ကွက် ဝေပုလ္လလမ်းသွယ် ၈ လမ်းနှင့် ၇ လမ်းတို့တွင် ကျန်းမာရေး ဦးစီးဌာနနှင့် စည်ပင်သာယာ ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများကိုလည်းကောင်း၊ ပညာပေးသရုပ်ပြခြင်းနှင့် အသိပညာပေးဟောပြောနေမှုတို့ကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

### တစ်ပြိုင်တည်းပြုလုပ်

အလားတူ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ပုဇွန်တောင်၊ သဃ်န်းကျွန်း၊ လှိုင်သာယာ၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ တာမွေ၊ ဗဟန်း၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ မရမ်းကုန်း၊ ဒေါပုံနှင့် ရန်ကင်းမြို့နယ်များ၌ ယမန်နေ့နံနက်ပိုင်းက တစ်ပြိုင်တည်းပြုလုပ်ကြသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်သည် တာဝန်ရှိသူများလိုက်ပါ၍ မြောက်ဥက္ကလာပမြို့နယ်အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်း အနောက်ဘက်၌ မိုးရာသီတွင် ငမိုးရိပ်ချောင်းမှ ရေလျှံမှုမရှိစေရေးအတွက် စက်ယန္တရားဖြင့် တာပေါင်မြေဖို့ခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း၌ ရန်ကင်းမြို့နယ်သို့ ဖြတ်သန်းစီးဆင်းသည့် ခုနစ်ပင်လိမ်ချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် လူအား၊ စက်ယန္တရားအားတို့ဖြင့် နုန်းများတူးဖော်ဆယ်ယူရှင်းလင်းနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေးဆု ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၁၇

**ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် ပညာသင်ထောက်ပံ့ကြေးဆုရွေးချယ်ရေး ကော်မတီက ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွင်း ပထမနှစ်သင်တန်းအသီးသီး၌ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများအနက် ပထမနှစ်မှ ဘွဲ့ရသည့်အထိ ပညာသင်ထောက်ပံ့ကြေးဆုချီးမြှင့်ရန် ရွေးချယ်ထားသည့် ကျောင်းသားကျောင်းသူအမည်စာရင်းအား ယမန်နေ့က ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

### ချီးမြှင့်မည်

ပညာသင်ထောက်ပံ့ကြေးအဖြစ် လစဉ်ချီးမြှင့်မည့်နှုန်းထားမှာ ဆေးတက္ကသိုလ်များမှ ကျောင်းသား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ အစိုးရနည်းပညာကောလိပ်များနှင့် စီးပွားရေးတက္ကသိုလ်များမှ ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀၊ ဝိဇ္ဇာနှင့်သိပ္ပံ ဘာသာရပ်သင် တက္ကသိုလ်များ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

### ပါဝင်

ပညာသင်ထောက်ပံ့ကြေးရရှိသည့် ကျောင်းသားကျောင်းသူများမှာ ဆေးတက္ကသိုလ်များစာရင်းတွင် မောင်ပြည့်ဖြိုးလင်း၊ မခြူးမြတ်သွယ်၊ မသော်တာလွင်၊ မဝင့်ဝါထက်ထက်အောင်၊ မဝင်းအိခိုင်၊ မောင်ဘုန်းပြည့်ဝင်း၊ မောင်ကျော်စိုးလွင်၊ မစန္ဒီတင်ရွှေ၊ မရွှန်းလဲ့နေခြည်၊ မောင်ကောင်းမြတ်သူ၊ မောင်စိုးနောင်နောင်၊ မောင်မိုးမြင့်မြတ်၊ မခင်လျှံမှုံ၊ မောင်အောင်စည်ဟိန်း၊ မအေးစန္ဒာထွန်း၊ အစိုးရနည်းပညာ ကောလိပ်များစာရင်းတွင် မဇာနည်ရှိန်၊ မမေသဥ္ဇာမြင့်၊ မဆုမြတ်နန္ဒာ၊ မောင်မိုးဟန်သစ်၊ မောင်ဇော်ရဲထွဋ်၊ စီးပွားရေးတက္ကသိုလ်များ စာရင်းတွင် မတင်မေလွင်၊ မသန္တာ၊ မောင်သီဟအောင်၊ မောင်မင်းမင်းထွန်း၊ မအိသန္တာဖြိုး၊ ဝိဇ္ဇာနှင့်သိပ္ပံ ဘာသာရပ်သင် တက္ကသိုလ်များ စာရင်းတွင် မသက်ထက်မြတ်နိုး၊ မမေစုစံကို၊ မလင်းလင်းစုကြည်၊ မောင်ဆန်းဝင်း၊ မနွေးနွေးစံ၊ မပွင့်သဥ္ဇာထွန်း၊ မောင်မောင်လွင်၊ မထက်ထက်နိုင်၊ မနန်းယိမ်းလောဝ်ဟိန်း၊ မောင်သန်းနိုင်၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်စာရင်းတွင် မသွယ်ခိုင်စိုး၊ မဝါဝါဝင်းဟန်၊ မသက်စုထား၊ မသဲစုအေး၊ မရွှေသဇင်လင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်စာရင်းတွင် မစုမြတ်နိုး၊ မသီရိသဥ္ဇာဟန်၊ မောင်အောင်ပိုင်ကျော်တို့ပါဝင်ကြသည်။

### ဆက်သွယ်ထုတ်ယူနိုင်

ပညာသင်ထောက်ပံ့ကြေးဆုရရှိကြသူများသည် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်(သို့) မော်ကွန်းထိန်း၏ ထောက်ခံချက် မူရင်းဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်(ရုံးချုပ်) အမှတ်(၁၆၅/၁၆၇) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၂၄၂၊ ၃၈၀၂၄၅ တို့သို့ ထောက်ပံ့ကြေးများ ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကြီးမှူး တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးသင်တန်းဖွင့်

ရန်ကုန် မေ ၁၇

**ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဆောက်လုပ်ရေးဝင်း ပင်မယန္တရားတောင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက် အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေး သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

### လှူဒါန်း

ယင်းနောက် တိုင်းရင်းဆေးသင်တန်းအတွက် ဦးကျော်ဝင်း (မန်နေဂျင်းဒါရိုက်တာ T & G Group Co., Ltd.) က အလှူငွေကျပ် တစ်သိန်း၊ ဟာဂျီ ဦးတင်ရွှေ(ဆွေမြန်မာဆောက်လုပ်ရေး)၊ ဒေါ်တင်တင် (သမာဓိစတိုး) ဖော့ကန်၊ ဦးခင်မောင်ဝင်း၊ ဒေါ်စိုးစိုးသူမိသားစု စော်ဘွားကြီးကုန်းနှင့် (၁၀)မိုင်လေဆိပ်ခရီးသည်ပို့ဆောင်ရေးအသင်းတို့က လှူဒါန်းငွေကျပ်ငါးသောင်းစီဖြင့် စုစုပေါင်းအလှူငွေကျပ်သုံးသိန်းကို ဒေါ်မာမာဝေက လက်ခံပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

### လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် အသင်း၏လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများ၊ တိုင်းရင်းပရဆေးပင်များ၊ တိုင်းရင်းဆေးအရောင်းပြခန်း များကိုလှည့်လည်ကြည့်ရှုကြသည်။

### တက်ရောက်

အဆိုပါ သင်တန်းမှာ သုံးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူ ၁၂၀ တက်ရောက်ကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# လယ်တီစံ မဟာစည်ရိပ်သာ ၁၀ ရက် တရားစခန်းကျင်းပမည်

**ရန်ကုန် မေ ၁၇**

ပုဇွန်တောင်မြို့နယ် အမှတ် (၂) ရပ်ကွက် မဟာညောင်ကုန်းရှိ လယ်တီစံ မဟာစည်ရိပ်သာတွင် လစဉ် ၁၀ရက်တရားစခန်းကို မေ ၂၀ ရက်မှ ၃၀ရက်အထိ (နယုန်လဆန်း ၅ရက်ညနေမှ နယုန်လပြည့်နေ့အထိ) ၁၀ ရက်တရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများသည် အကျိုးတော်ဆောင်အဖွဲ့ရုံး ဖုန်း-၂၀၁၆၃၄သို့ ဆက်သွယ် စာရင်းပေးနိုင်၍ အရုဏ်ဆွမ်း၊နေ့ဆွမ်း အလှူရှင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(၃၅၂)**

# တန်းမဆင်းရရေး အပြိုင်ကြိုးစားရမည့် ရက်ဂျီးနားနှင့်ချီယေဗို

**ရောမ မေ ၁၇**

အီတလီ စီးရီးအေပွဲစဉ်များ မကုန်ဆုံးမီမှာပင် အင်တာမီလန်တို့ စီးရီးအေဖလား ရရှိသွားခဲ့ပြီဖြစ်သော်လည်း တန်းဆင်းဇုန်အနီးမှ အသင်းများ တန်းမဆင်းရရေး ပြိုင်ဆိုင်မှုများက အရှိန်အဟုန် ပြင်းထန်လျက်ရှိနေသည်။

စီးရီးအေပွဲစဉ် (၃၆) ကစားပြီးချိန်၌ တန်းစီဇယားအောက်ဆုံးတွင် ရှိနေသော မက်ဆီနာနှင့် အက်စ်ကိုလီတို့ တန်းဆင်းခဲ့ပြီ ဖြစ်သော်လည်း နောက်ဆုံးတန်းဆင်းရမည့် အသင်းတစ်သင်းမှာ မိမိတို့အသင်းမဖြစ်ရေး ရက်ဂျီးနားနှင့် ချီယေဗိုတို့ အကြိတ်အနယ်ကစားရမည့် အနေအထားဖြစ်လာသည်။

## အကျပ်ဆိုက်

ယခုနှစ် စီးရီးအေဘောလုံးရာသီ၌ အမှတ်လျှော့ခံထားရသော ရက်ဂျီးနားတို့ ပွဲစဉ် (၃၆) ၌ ပြိုင်ဘက် ချီယေဗိုကို အိမ်ကွင်း၌အနိုင်မကစားနိုင်ခဲ့ခြင်းကြောင့် အကျပ်အတည်း ဆိုက်ရောက်သွားခဲ့ပြီဖြစ်သည်။

## ကြိုးစားရမည်

ရက်ဂျီးနားသည် ယခုနှစ်၌ ပုံမှန်ခြေစွမ်းပြနိုင်ခဲ့သော အသင်းဖြစ်သော်လည်း အမှတ်လျှော့ခံထားရမှုနှင့် ရာသီကုန်တွင် သရေပွဲ များခဲ့မှုတို့ကြောင့် ယခုအခါ တန်းဆင်းဇုန်မှ လွတ်ကင်းရေး အစွမ်းကုန် ကြိုးစားရတော့မည်ဖြစ်သည်။

## ကင်းလွတ်မည်

လောလောဆယ်တွင် ချီယေဗိုတို့က ၃၆ ပွဲ ကစားပြီးချိန်၌ ရက်ဂျီးနားနှင့် အမှတ်တူဖြစ်နေရာ လက်ကျန်နှစ်ပွဲကို အနိုင်ကစားမှသာ တန်းဆင်းရမည့်ဘေးမှ ကင်းလွတ်မည်ဖြစ်သည်။

သို့သော် လက်ကျန်နှစ်ပွဲတွင် အမ်ပိုလီနှင့်ပွဲက ရက်ဂျီးနားတို့ အနိုင်ရဖွယ်ရှိသည်။ ပထမအကျော့ပွဲစဉ်တွင် ရက်ဂျီးနားက အမ်ပိုလီကို လေးဂိုး–တစ်ဂိုးဖြင့် ပြတ်သားစွာ အနိုင်ကစားထားသည်ဖြစ်ရာ ယခု အရေးကြီးသော

**တန်းမဆင်းရရေး အကြိတ်အနယ်ကစားရမည့် ရက်ဂျီးနား ဘောလုံးသမားများ။**
(ဓာတ်ပုံ–အင်တာနက်)

## ခက်ခက်ခဲခဲ

ရက်ဂျီးနားသည် မေ ၂၀ ရက်၌ အဝေးကွင်းတွင် အမ်ပိုလီအသင်းနှင့် ကစားရမည်ဖြစ်သလို နောက်ဆုံးပွဲမှာ အိမ်ကွင်း၌ အေစီမီလန်နှင့်ကစားရမည်ဖြစ်ရာ ပွဲကျပ်များဖြစ်ပြီး ခက်ခက်ခဲခဲ ကျော်ဖြတ်ရမည်ဖြစ်သည်။

ပွဲစဉ်ဖြစ်သဖြင့် အဝေးကွင်း၌ ကစားရမည်ဖြစ်သော်လည်း အမ်ပိုလီကို အားကုန်ထုတ်ကစားပြီး အနိုင်ယူမည်သာဖြစ်သည်။

ရက်ဂျီးနားတို့အတွက် အေစီမီလန်တို့နှင့်ပွဲသည်သာ ခက်ခဲမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်၌ အေစီ

**ကိုးကားရေးသားသူ**
**မောင်မောင်မြင့်ဆွေ**

မီလန်တို့က ရက်ဂျီးနားကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ယူထားသည်ဖြစ်ရာ ယခုပွဲ ရက်ဂျီးနားတို့ အိမ်ကွင်း၌ ဖြစ်သော်လည်း အနိုင်ရရန်မလွယ်ချေ။

## အားကိုးရသူ

ရက်ဂျီးနားတွင် အားကိုးအားထားပြုရမည့် ဘောလုံးသမားများမှာ တိုက်စစ်မှူးရိုလန်ဒိုဘန်ချီနှင့် အမိုရူဆိုတို့ဖြစ်ရာ ရိုလန်ဒိုဘန်ချီက ရက်ဂျီးနားအတွက် ၁၈ ဂိုး သွင်းပေးထားနိုင်သလို အမိုရူဆိုကလည်း ၁၄ဂိုးသွင်းယူပေးထားသည်။

ထို့အတူ နောက်ခံလူ လူကာရီလီ၊ ကွင်းလယ်မှ ဗီဂါနီနှင့် ဂျူလီရိုလီရွှန်တို့ကလည်း ရက်ဂျီးနားအတွက် အမာခံ ဘောလုံးသမားများဖြစ်ပြီး အခက်အခဲကြားမှ ဂိုးရအောင်သွင်းနိုင်သူများဖြစ်သည်။

## ကြိုးစားမည်

ရက်ဂျီးနားတို့ ပြီးခဲ့သည့် ၂၀၀၂–၂၀၀၃ ဘောလုံးရာသီမှ စတင်ကာ တန်းဆင်းခဲ့ရခြင်းမရှိခဲ့ချေ။ အဆိုးရွားဆုံးနှစ် တစ်နှစ်ဖြစ်သော ၂၀၀၃–၂၀၀၄ ဘောလုံးရာသီ၌ စီးရီးအေတွင် နိုင်ပွဲခြောက်ပွဲ၊ သရေပွဲ ၁၆ပွဲ နှင့် ရှုံးပွဲ ၁၂ပွဲရှိခဲ့သော်လည်း တန်းမဆင်းခဲ့ရသည်ဖြစ်ရာ ယခုအနေအထား၌ တန်းမဆင်းရရေး ကြိုးစားမည်သာဖြစ်သည်။

## ခြိမ်းခြောက်နေ

ရက်ဂျီးနားကို ခြိမ်းခြောက်နေသည့်အသင်းမှာ ချီယေးဗိုဖြစ်ပြီး လက်ရှိအချိန်၌ ပွဲတူ၊ ရမှတ်တူနေသည်။ ချီယေးဗို၏ လက်ကျန်နှစ်ပွဲမှာ အိမ်ကွင်း၌ အက်စ်ကိုလီနှင့် ကစားရမည့်ပွဲနှင့် အဝေးကွင်း၌ ကာတန်နီယာနှင့်ပွဲဖြစ်သည်။ ကာတန်နီယာနှင့် ပထမအကျော့ပွဲတွင် ချီယေဗိုတို့က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရထားပြီး အက်စ်ကိုလီကိုမူ သုံးဂိုးပြတ်ရှုံးထားသည်။ ထို့ကြောင့် ချီယေဗို၏ လက်ကျန်နှစ်ပွဲမှာလည်း နိုင်ပွဲများရရှိရန် အစွမ်းကုန်ကြိုးစားမှ ရမည့်ပွဲများပင် ဖြစ်သည်။

ယခုနှစ်စီးရီးအေတွင် တန်းဆင်းရမည့်အသင်းတစ်သင်း အဖြေထွက်ရေးသည် စိတ်ဝင်စားဖွယ်ကောင်းနေရာ မည်သည့်အသင်း တန်းဆင်းသွားမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။

**(ကိုးကား–အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

## အင်တာနက် အားကစားသတင်း အတိုအထွာ

* **ရက်ဒင်းအသင်းသည် ပြင်သစ်ကွင်းလယ်ကစားသမား ကလီဖာဆစ်ဆေးအား ပေါင်တစ်သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။**

* မန်ယူတိုက်စစ်မှူး ဆာဟာသည် ဒူးဒဏ်ရာရထားသဖြင့် ချယ်လ်ဆီးနှင့် မေ ၁၉ရက်တွင်ကစားမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲနှင့် လွဲမည်ဖြစ်ကြောင်း မန်ယူကလပ်က ပြောကြားသည်။

* **အက်ဖ်အေဖလားဗိုလ်လုပွဲ၌ ချယ်လ်ဆီးတွင် ကစားသမားများ ဒဏ်ရာရထားသဖြင့် ဂိုးသမားဟီလာရီယိုအား တိုက်စစ်မှူးအဖြစ် အစားထိုးအသုံးပြုဖွယ်ရှိကြောင်း မော်ရင်ဟိုကပြောကြားသည်။**

* လီဗာပူးနှင့် မေ ၂၃ရက်တွင်ကစားမည့် ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲသည် အချိန်ပိုအထိကစားရမည့်ပွဲဖြစ်လာနိုင်ကြောင်း အေစီမီလန်တိုက်စစ်မှူး ကာကာက ပြောကြားသည်။ **(အင်တာနက်)**

# ကွင်းလယ်ကစားသမား စကော့ဘရောင်းအား ဆဲလ်တစ်က စံချိန်တင်ပြောင်းရွှေ့ကြေးပေး ခေါ်ယူ

ဆဲလ်တစ် မေ ၁၇

**စကော့တလန် ပရီမီယာလိဂ်အသင်းဖြစ်သော ဟစ်ဘ်အသင်းမှ ကွင်းလယ်ကစားသမား စကော့ဘရောင်းအား ဆဲလ်တစ်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၄ ဒသမ ၄ သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။**

**ကွင်းလယ်ကစားသမား စကော့ဘရောင်း။**
(ဓာတ်ပုံ–အင်တာနက်)

ယင်းပြောင်းရွှေ့ကြေးမှာ စကော့တလန် ပရီမီယာလိဂ်အသင်းများတွင် အများဆုံးပြောင်းရွှေ့ကြေးဖြစ်သည်။

အသက် ၂၁ နှစ်ရှိ အဆိုပါကွင်းလယ်ကစားသမားအား စကော့တလန် ပရီမီယာလိဂ်ချန်ပီယံ ဆဲလ်တစ်အသင်းက ငါးနှစ်စာချုပ်လိုက်သည်။

အဆိုပါ ကွင်းလယ်ကစားသမားအား ရိန်းဂျားစ်၊ မစ်ဒယ်ဘရော့၊ တော့တင်ဟမ်နှင့် အဲဗာတန်တို့က ခေါ်ယူရန်ကြိုးစားခဲ့ကြသည်ဟုဆိုသည်။

## အကောင်းဆုံး

စကော့ဘရောင်းသည် ဆဲလ်တစ်တွင် အကောင်းဆုံးဘောလုံးသမားဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဆဲလ်တစ်မန်နေဂျာ စထရာချန်က ပြောကြားသည်။

လာမည့်ရာသီတွင် ဆဲလ်တစ်အသင်းအား ချန်ပီယံဆုပြန်လည်ကာကွယ်ရန်နှင့် ချန်ပီယံလိဂ်အထိ အောင်မြင်အောင်ခြေစွမ်းပြကစားသွားမည်ဖြစ်ကြောင်း စကော့ဘရောင်းက စာချုပ်ချုပ်အပြီး ပြောကြားသည်။ **(အင်တာနက်)**

**ရေးသားသူ**
**မြင့်မောင်စိုး**

# ရက်ဖီးအသင်းမန်နေဂျာ အသင်းမှ နှုတ်ထွက်သွားပြီ

လန်ဒန် မေ ၁၇

**ရက်ဖီးအသင်းကို ကိုင်တွယ်ခဲ့သော နဗီးလ်ဝါနော့သည် ပရီမီယာလိဂ်တွင် တန်းဆင်းဇုန်ရောက်ပြီး သုံးရက်အကြာ ရက်ဖီးအသင်းမန်နေဂျာအဖြစ်မှ နုတ်ထွက်သွားခဲ့သည်။**

**အသက် (၅၈)နှစ်ရှိ ဝါနော့သည် ရက်ဖီးယူနိုက်တက်အသင်းကို ခုနစ်နှစ်ခွဲကြာ ကိုင်တွယ်ခဲ့သူဖြစ်သည်။**

## ပြီးဆုံး

**မိမိသည် ရက်ဖီးအသင်းမှ ထွက်ခွာသင့်ပြီဖြစ်ကြောင်း၊ ရက်ဖီးအသင်း အောင်မြင်မှုများရရှိအောင် ကြိုးစားခဲ့မှုမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း ဝါနော့က ပြောကြားသည်။**

## မန်နေဂျာကောင်း

**သို့ရာတွင် ဝါနော့သည် ရက်ဖီးအသင်းသမိုင်းတွင် အောင်မြင်မှုများ တစ်ချိန်က ရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့သည့် မန်နေဂျာကောင်းတစ်ဦးဖြစ်ကြောင်း အသင်းဥက္ကဋ္ဌကီဗင်မက္ကာဘီက ပြောကြားသည်။**

**ရက်ဖီးအသင်းမန်နေဂျာ ဝါနော့။**
(ဓာတ်ပုံ–အင်တာနက်)

## အကောင်းဆုံးအသင်း

**ရက်ဖီးအသင်းသည် ပရီမီယာလိဂ် နောက်ဆုံးပွဲတွင် ဝီဂန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်ရှုံးနိမ့်ပြီး တန်းဆင်းခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း တန်းဆင်းသွားသည့် အသင်းသုံးသင်းအနက် အကောင်းဆုံး အသင်းဖြစ်ကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌက ပြောကြားသည်။** (အင်တာနက်)

# ယူအီးအက်ဖ်အေဖလား ဆီဗီလာ ကာကွယ်

မက်ဒရစ် မေ ၁၇

**ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မေ ၁၆ ရက်က အက်စ်ပန်းညိုနှင့် လက်ရှိချန်ပီယံ အက်ဖ်စီဆီဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။**

**ယူအီးအက်ဖ်အေဖလား ဆွတ်ခူးရရှိခဲ့သော ဆီဗီလာအသင်းသားများ ဤသို့အောင်ပွဲခံခဲ့ကြသည်။**
(ဓာတ်ပုံ–အင်တာနက်)

အက်စ်ပန်းညိုက ၄–၂–၄ပုံစံဖြင့် ခင်းကျင်းကစားပြီး အက်ဖ်စီဆီဗီလာက ၃–၅–၂ ပုံစံဖြင့် ရင်ဆိုင်ကစားခဲ့သည်။ အက်ဖ်စီဆီဗီလာတို့က ဂိုးသွင်းခွင့် အခွင့်အရေးအများပြား ရရှိခဲ့ပြီး အပိုင်ဂိုးသွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့သော်လည်း နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

## သရေပွဲ

အက်ဖ်စီဆီဗီလာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၈ မိနစ်၌ ကွင်းလယ်ကစားသမား ကော်ရီရာက သွင်းယူပေးခဲ့သည်။ သို့သော် အက်စ်ပန်းညို၏ ချေပဂိုးကို ၂၈ မိနစ်တွင် တိုက်စစ်မှူး အယ်ဘတ်ရေးရာက သွင်းယူခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။

## အချိန်ပိုကစား

နှစ်သင်းစလုံး ဒုတိယပိုင်းပွဲချိန်အတွင်း၌လည်း ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေရာ အချိန်ပိုထပ်မံကစားခဲ့ရသည်။ အချိန်ပိုကစားရာတွင် ပွဲချိန် ၁၀၅ မိနစ်၌ အက်ဖ်စီဆီဗီလာတိုက်စစ်မှူး ကနူးတေက ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၁၁၅ မိနစ်တွင် အက်စ်ပန်းညို ကွင်းလယ်ကစားသမား ဂျူနာတက်စ်က ချေပဂိုးသွင်းယူခဲ့သဖြင့် ပွဲချိန်ပြည့်သည်အထိ နှစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။

ထို့နောက် ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းရာ ဆီဗီလာတို့က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ယူအီးအက်ဖ်အေဖလားကို အက်ဖ်စီဆီဗီလာတို့ ကာကွယ်နိုင်ခဲ့သည်။ **(အင်တာနက်)**

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များရှိ ကျေးလက်ရေပေးရေး လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော လက်လှည့်၊ စက်လှည့် တွင်းတူးစက်များအခြေအနေကို ဧပြီ၂၉ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ–၂ (စက်မှု) ဦးလင်းလင်းထွန်းနှင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးဆန်းဝင်းတို့ မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## ကျောက်ချောခင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့နယ် အလောင်းဘုရားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဧပြီ၂၉ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးကျော်ကျော်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

# မိတ္ထီလာမြို့၌ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ထပ်ဆင့်ရှင်းလင်း စာအုပ်၊ စာစောင်တိုးပွားရေးနှင့် စာဖတ်ဝိုင်းကျင်းပရေးဆွေးနွေး

မိတ္ထီလာ မေ ၁၂

**မန္တလေးတိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရေရှည်တည်တံ့ရေး ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၁ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်း၊ မိတ္ထီလာခရိုင် ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ ရမည်းသင်းခရိုင် ဦးစီးအရာရှိ ဦးရဲညွှန့်၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်ရှိ မြို့နယ်ရုံးများမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

### ထပ်ဆင့်ရှင်းလင်း

အခမ်းအနားတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး **(အပေါ်ပုံ)** ၂၀၀၇ ခုနှစ်အတွင်း ကျေးရွာစာကြည့်တိုက်များ အဆောက်အအုံ ဆောက်လုပ်ရေး၊ ငွေပဒေသာပင်များရရှိရေး၊ မှတ်ပုံတင်စာကြည့်တိုက်များဖြစ်ရေး၊ စာအုပ်စာစောင်များ တိုးပွားရေး၊ ပရိဘောဂများရရှိရေး၊ စာဖတ်ဝိုင်းများကျင်းပရေးတို့ကို အကျယ်တဝင့်ဆွေးနွေးကာ တက်ရောက်ကြသော ခရိုင်နှင့် မြို့နယ်များမှ တင်ပြသော အချက်များကို ညှိနှိုင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သီပေါမြို့နယ် နမ့်လန်ဒေသ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ရက်က နမ့်လန်ခန်းမဆောင်၌ ကျင်းပရာ ကျောက်မဲခရိုင် ဥက္ကဋ္ဌ ဦးဘဝင်း အမှာစကား ပြောကြားစဉ်။**

(မြို့နယ် ပြန်/ဆက်)

# ညောင်ဦး(ပုဂံ)မြို့နယ် မဏ္ဍိစည်သူဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ညောင်ဦး မေ ၂

**ညောင်ဦး(ပုဂံ)မြို့နယ် မဏ္ဍိစည်သူဈေးကြီးတွင် ဧပြီ ၁၄ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ကြသည်။**

သရုပ်ပြဇာတ်တိုက်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးယဉ်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

# ပင်လောင်းမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ပင်လောင်း မေ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအုပ်စု တောင်မဲသင်းရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၃ရက်က အဆိုပါကျောင်းဆောင်သစ်တွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစန်ဝင်း၊ လက်ထောက်ပြည်နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေ၊ နယ်စပ်ဒေသ တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရုံးမှ ဦးစီးအရာရှိ ဦးဇော်လွင်ဦး၊ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့ ကွင်းဆင်းတာဝန်ခံ မစ္စတာရာမာမူရာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

### ပေးအပ်

ထို့နောက် နိပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့မှ မစ္စတာရာမာမူရာက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်တင်မြင့်ထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် အထိမ်းအမှတ်အလံများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများသို့ ပေးအပ်သည်။

### ဆောက်လုပ်ခဲ့

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိပြီး အခန်းခြောက်ခန်းဖြင့် ဖွဲ့စည်းထားကာ သွပ်မိုး၊ အုတ်စီတစ်ထပ် အဆောက်အအုံဖြစ်သည်။ နိပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့က လှူဒါန်းငွေ ကျပ် ၁၇၃၉၆၉၆၀၊ ပြည်သူများ ထည့်ဝင်ငွေ ကျပ် ၉၁၀၇၇၀၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(က–ပ)**

## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**မိုးကောင်း ဧပြီ ၁၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းနှင့်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဧပြီ ၁ ရက်က အဖွဲ့ပိုင်နမ္မတီးကျေးလက် ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(၄၁၆)

## စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

**ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် အတွက် ကျိုင်းတုံမြို့နယ် တရားသူကြီး ဦးစောဝင်းက စာအုပ်၊စာစောင်များကို မေ ၄ ရက်က လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးခမ်းလျန်ဆုမ်းက လက်ခံယူစဉ်။** (ခရိုင် ပြန်/ဆက်)

# လောင်စာတွေကိုရှင်း၊ မီးဘေးအန္တရာယ်ကင်း

## မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီ ပရိဝုဏ်အတွင်း ဟေဝိပင် ညောင်ရေသွန်းလောင်းပွဲကျင်းပ

မော်လမြိုင် မေ ၁၃

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ဗောဓိပင်(ညောင်ပင်)၌ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ညောင်ရေသွန်းလောင်းလှူပွဲကို ဧပြီ ၃၀ (ကဆုန်လပြည့်နေ့)က ဘုရားရင်ပြင်ပေါ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ညောင်ရေသွန်းလောင်းလှူပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

### ညောင်ရေသွန်းလောင်း

ဆက်လက်၍ ညောင်ရေသွန်းလောင်းလှူပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဟန်လွင်က ရှင်းလင်းတင်ပြသည်။

ညောင်ရေသွန်း လောင်းလှူပွဲသို့ မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ ပြည်သူများ၊ အလှူရှင်များ ကျောင်းဒါယကာ၊ ဒါယိကာမများနှင့် အသင်းအဖွဲ့အစည်းများစုပေါင်း၍ ညောင်ရေသွန်းလောင်းလှူကြသည်။ (၁၆၈)

## အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲ ကောလင်းမြို့၌ ကျင်းပ

ကောလင်း မေ ၁၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဒုတိယအကြိမ်အဖြစ် ကောလင်းမြို့ ပြည်သူ့အားကစားကွင်းတွင် ဧပြီ ၂၃ရက်မှ မေ ၂ရက် အထိ ရောင်းချခဲ့သည်။

ယခင် ပထမအကြိမ် အထူးဈေးရောင်းပွဲတော် ကျင်းပစဉ်က လူသုံးကုန်၊စားသောက်ကုန်၊ စာရေးကိရိယာ၊ စက်ပစ္စည်းများ အထူးအရောင်းသွက်ခဲ့သဖြင့် ယခုဒုတိယအကြိမ် ဆက်လက် ရောင်းချရာ ခန့်မှန်းရောင်းအားထက် ပိုမိုအရောင်းသွက်ခဲ့ကြောင်း သိရသည်။ **(၀၂၆)**

**စစ်ကိုင်းတိုင်း တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြုလုပ်သော မြို့ဝင်မုခ်ဦး မြေယာရှုခင်းအလှကို ဧပြီ ၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင် ကြပ်မတ်ဆောင်ရွက်စဉ်။**(မြို့နယ် စည်ပင်)

**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း အမှတ်(၅၉/စီ)နေ ပါမောက္ခ ဒေါက်တာ ဦးအောင်မြင့်-ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မွန်၊ သားမောင်အောင်သူရိန်၊ သမီး မခင်နန္ဒာအောင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံဆောင် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရေးဆွေးနွေး အလှူငွေ၊ သုတရသ မဂ္ဂဇင်းဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

ကျောက်ဆည် မေ ၈

**ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံများ ဆောက်လုပ်ရေး၊ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာအုပ်နှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် အဆောက်အအုံများ အခိုင်အမာဆောက်လုပ်ရေး၊ စာအုပ်နှင့် ငွေပဒေသာပင်များ စိုက်ထူရေး ညှိနှိုင်းဆွေးနွေးသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ စေတနာရှင်ပြည်သူများက သမန္တလင်းကျေးရွာ ကမ္ဘာအေး စာကြည့်တိုက်သို့ ငွေကျပ် ၁၃၁၀၀၀၊ ကျားအိုကြီးကျေးရွာ ရွှေဝါမြေစာကြည့်တိုက်သို့ ငွေကျပ် ၃၀၀၀၀၊ ကျားအိုလေးကျေးရွာ သုတမင်္ဂလာစာကြည့်တိုက်သို့ ငွေကျပ် ၄၀၀၀၀၊ တောင်ဘို့လှကျေးရွာ သုခစာကြည့်တိုက်သို့ ငွေကျပ်၃၀၀၀၀၊ မယ်ဇယ်တောကျေးရွာ မြသိန်းတန်စာကြည့်တိုက်သို့ ငွေကျပ် ၃၀၀၀၀ ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက သုတရသမဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံကို လည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ရခိုင်ပြည်နယ် ဂွမြို့ အမကမြို့သစ်၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲကို ဧပြီ ၄ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်သူက မောင်ဖုန်းမြတ်ကိုအား မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။** (ပညာရေး)

## ပန်းရန့်စာကြည့်တိုက်ဖွင့်ပွဲ ပျဉ်းမနား၌ကျင်းပ ဗီရိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ပျဉ်းမနား မေ ၁၄

**ပျဉ်းမနား မြို့နယ် အမျိုးသမီး ရေးရာ အဖွဲ့က ကြီးမှူးဖွင့်လှစ်သော ပန်းရန့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၅ရက် နံနက် ၁၀နာရီက အဆိုပါရုံး၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းရွှေနှင့် အမှုဆောင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာရီနှင့် အမှုဆောင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် ဝန်ထမ်းများ၊ အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

**ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းရွှေနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းတို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ခရိုင်အမျိုးသမီး ရေးရာ အဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကား ပြောကြားကြသည်။**

**ထို့နောက်ဦးတင်ဝင်း-ဒေါ်ဝင်းမာ (နဂါးတိုက်စတိုး) မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်က ငွေကျပ် ၆၀၀၀၀ တန် ဗီရိုတစ်လုံး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အလှူရှင်များက စာအုပ် စာစောင်အုပ် ၄၀၀ တို့ကို ပေးအပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။** (ခရိုင် ပြန်/ဆက်)

## မြို့နယ်သတင်းများ

**မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြလမ်းတံတားကောင်းမွန်ရေးအတွက် နှင်းဆီလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဧပြီ ၂၇ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

## နေပြည်တော်မြို့နယ် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ဇေယျာသီရိ ဧပြီ ၂၂

မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်သည် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိန်းချစ်နှင့် ဝန်ထမ်းများလိုက်ပါလျက် မတ် ၂၁ ရက် နံနက် ၉နာရီက စံကင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် စံစင်းတိုက်နယ်အတွင်းရှိ စံကင်း၊ ကျောက်တိုင်၊ ထိုက္ကလေး၊ ဇလုပ်ကြီး၊ လင်းလွန်းပင်၊ ရေပေါက်ကျေးရွာများမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ စာပေဝါသနာရှင်များ၊ အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအားလည်းကောင်း၊ မွန်းလွဲ ၁ နာရီက ပုကွန်ကျေးရွာ မေတ္တာရောင်ခြည်စာကြည့်တိုက်တွင် ရပ်မိရပ်ဖများ၊ စာပေဝါသနာရှင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ လည်းကောင်း စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးကြသည်။

### ဟောပြော

ထို့နောက် မြို့နယ်ဦးစီးမှူးက ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်အင်္ဂါ(၅)ရပ်နှင့် ညီညွတ်ရန်၊ ပရိဘောဂ၊ အဆောက်အအုံများ ရေရှည်တည်တံ့ရေးနှင့် စာဖတ်သူတိုးပွားအောင် ဆောင်ရွက်ရေး ဟောပြောဆွေးနွေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ်**
**နယုန်လဆန်း ၄ ရက်**
**၁၉-၅-၂၀၀၇ (စနေနေ့)**

### နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

### နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) နှစ်ကိုယ်တူချစ်ခရီးလမ်း (မောင်ဝင်းမြင့်၊ မိမိလေး)
(၂) ချစ်ရသူတို့နယ်မြေ (တွံတေးသိန်းတန်၊ ဌေးဌေးမြင့်)
(၃) အချစ်မှာ သတ္တိရှိတယ် (ရာဇာဝင်းတင့်၊ ရတနာဦး)

၀၉:၄၅ အာဆီယံအစီအစဉ် (အာဆီယံနိုင်ငံအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အာဆီယံအကြောင်း သိကောင်းစရာ-ဦးအောင်ဘွား)

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရေငန်ကကတစ်ငါးဆေးထိုး သားဖောက်နည်း)

၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) စနစ်တကျမွေးမြူကြ (ခေါင်းကြီး)
(၂) သီးခြားကမ္ဘာလေးထဲမှာ (ဆောင်းပါးသရုပ်ဖော်)

၁၂:၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ

၁၂:၁၀ ကလေးများအတွက် တေးသီချင်းများ

၁၂:၄၅ (၂၁)ရာစု လူမှုဝေါဟာရများမိတ်ဆက် (သတ္တမပိုင်း)

### ညနေပိုင်း

၁၆:၁၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပုဂံသားတို့၏ စကားအသုံးအနှုန်း- မောင်ခင်မင်-ဓနုဖြူ)

၁၆:၂၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ(ပဲခူးတိုင်းရေတာရှည်မြို့ လက်ဆောင် ဝက်အူချောင်း)

၁၇:၀၀ ခေတ်ဟောင်းတေး
(၁) ရွှေအင်းဝ (မေရှင်)
(၂) ရွှေစံပယ်ရုံ (တက္ကသိုလ်ဖေညွန့်)
(၃) ခင့်ကိုသတိရပါနော် (မေနွဲ့)

၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အသက်ရှည်စွာ အနာကင်းရှင်းရေး စိုပြည်လှပစေရေးသို့-ဒေါက်တာမွန် Family မဂ္ဂဇင်း)

၁၈:၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၁၈:၄၀ လုပသာယာ အိမ်ဂေဟာ (သူ့ရဲ့အမြင်မှာ ဆန်းစေချင် သစ်လွင်အလှဆင်)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (လေဆာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ချစ်သူ့နားခိုရာတေးစီးရီး)

၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)

၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အိပ်မက်လှလှမက်ပါစေ (ကိုမြသိန်း)
(၂) သုံးရာသီအလွမ်း(တက္ကသိုလ်လဲ့လဲ့)
(၃) မောင်ခေါ်ရာလိုက်ခဲ့ပါလား (သန်းဖေလေး)

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကညင်ချောင်းကူး ရေကျော်တံတား တည်ဆောက်မှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## တောင်ကြီးမြို့၌ ကတ္တရာလမ်းတိုးချဲ့

**တောင်ကြီး မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်သည် မေ ၄ ရက်က တောင်ကြီးမြို့ အနောက် မြို့ပတ်လမ်းလေးလမ်းသွား ကတ္တရာလမ်း တိုးချဲ့ဆောင်ရွက်ခြင်း ပထမအဆင့် အရှည်ပေ ၅၀၀၊ အကျယ် ၄၄ပေ ပြုလုပ်ဆောင်ရွက်ခြင်းနှင့် ရေမြောင်းပလက်ဖောင်းများ ပြုလုပ်ရာသို့ ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(နယ်စပ်/ စည်ပင်)**

## အခြေခံစည်းရုံးရေးမှူးများ အလုပ်ရုံဆွေးနွေး

**မိုင်းဖြတ် မေ ၅**

မိုင်းဖြတ်ခရိုင်/ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အခြေခံစည်းရုံးရေးမှူးများ အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၁ ရက် နံနက်က အဆိုပါ အသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး စန်းမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရွှေက အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဖိတ်ကြားထားသူများနှင့် စည်းရုံးရေးမှူး ၅၀တို့ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး အမှတ် (၂၀၈) မြေညီထပ် ကျောင်းအလှူရှင် မစိန်နှင့်ညီမများက အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကြူကြူခိုင်က လက်ခံယူပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။** (က–ပ)

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ (Euro)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်–

| စဉ် | ချိပ်ပိတ်တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| i. | 15(T)4/MR(E) 2007-2008 | Concrete Sleeper Plant Complete (600 Sleepers/day) | 2- Lots |

ချိပ်ပိတ်တင်ဒါပိတ်ရက်/အချိန်–၁၅–၆–၂၀၀၇ရက် (သောကြာနေ့) မွန်းတည့် (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၅–၅–၂၀၀၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၈၅၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၁၊၆၀၂၊၆၀၅၊၆၁၂။**

## ရောင်းရန်ကြော်ငြာ
**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)**
**မကွေးတိုင်းတရားရုံး**
**၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၁၂**

| | | |
|---|---|---|
| ခရိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် မကွေးမြို့။ | နှင့် | ၁။ ဦးလှထွန်း ၂။ ဒေါ်နန်းပြည်စိုး |
| **တရားနိုင်** | | **တရားရှုံးများ** |

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ် ၃၂ တွင် စရိတ်များအပါအဝင် ငွေ ၈၉၅၄၅၃၂ ကျပ် ၃၇ ပြားအတွက် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇွန် ၂၅ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အချင်းဖြစ်အဆောက်အအုံရှေ့၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

မကွေးမြို့ ရွာသစ်ရပ်ကွက် အကွက်အမှတ် (၁၀ ဘီ/ရွာသစ်အရှေ့) ဦးပိုင်အမှတ် ၄၆/ခ ဧရိယာ ဝ ဒသမ ၁၁၉ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျယ်အဝန်း (၂၅ပေ X ၂၆ပေ X ၁၂ ဒသမ ၆ပေ)ရှိ သွပ်မိုး အုတ်ညှပ်နံရံကာ၊ ဘိလပ်မြေ ကွန်ကရစ်ခင်း နှစ်ထပ်တိုက်နှင့်(တွဲလျက်) (၂၅ပေ X ၁၃ပေ X ၁၂ပေ)ရှိ သွပ်မိုး တစ်ထပ်တိုက်နှင့် (တွဲလျက်) (၁၅ပေ X ၆ပေ X ၁၀ပေ)ရှိ သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်တိုက် လူနေအဆောက်အအုံ။

**ကြမ်းခင်းဈေးကျပ်သိန်း ၂၅၀**

**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အေးသီတာ**
**တွဲဖက်တိုင်းတရားသူကြီး**
**မကွေးတိုင်းတရားရုံး။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
## ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာန အစာစပ်စက်ရုံအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | တိရစ္ဆာန်အစာကုန်ကြမ်းနှင့်ဖြည့်စွက်ဆေးဝါးများ | (1)Lot |

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၅–၅–၂၀၀၇ရက် (၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ်၂၀၀၀/–(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်– ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။**

## တိုက်ခန်းရောင်းမည်

၄၅ပေ X ၁၃ပေ နှစ်ထပ်တိုက်၊ အခန်း (၃)၊ တိုက်(၁)၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်ရပ်၊ တာမွေ၊ ရေ၊ မီး၊ ဖုန်းပါ၊ အသင့်နေနိုင်သည်။

**ဆက်သွယ်ရန်–**
**ဖုန်း– ၅၇၃၃၇၂၊ ၅၅၂၇၃၆။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ/၂၈၂၆ Wave ယာဉ် လက်ဝယ်ရှိသူ ဦးကေဖ ၁၃/ကတန(နိုင်)၀၈၇၄၂၉က (ကမ–၃) မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ကျိုင်းတုံမြို့)။**

## မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

**ရန်ကုန် မေ ၁၇**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၃၉၂၂၂၃**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

## GUMKINO Garage Sale

လူသုံးကုန်ပစ္စည်းမျိုးစုံ ရောင်းချ ဝယ်ယူနိုင်ပါသည်။
(၁၉–၅–၂၀၀၇)နှင့် (၂၀–၅–၂၀၀၇)
**၄၅၁(B)၊ ပြည်လမ်း၊ ကမာရွတ်၊ တရုတ်ဘုံကျောင်းအနီး၊ ရန်ကုန်မြို့။**
**ဖုန်း– ၅၃၄၆၈၈၊ ၅၀၂၅၂၉။**

## အမည်ပြောင်း

ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် ချင်းတွင်းလမ်း ခြံအမှတ် (၅၅)နေ ဦးကျော်စိုးသိန်း၏ သမီး မဖူးရွှေရည် ၁၂/ကမရ(နိုင်)၀၅၉၆၆၀ အား ယနေ့မှစ၍ မဖူးရွှေရည်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မဖူးရွှေရည်ထွန်း။**

## မီးသတိပြု

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မညီညီမြင်း ၁၂/သကတ(နိုင်) ၁၄၉၇၉၅သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ၂၈–၄–၂၀၀၇ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ထိုနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးချစ်မြ ၁၂/သကတ(နိုင်)၀၅၁၃၆၄။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၈၉၆၃ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးလှညွန့်၊ မှတ်ပုံတင်အမှတ် ၈/ပခက(နိုင်)၀၁၂၇၄၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၂ခ/၂၁၁၉ ၏ အခွန်ပုံစံ(၁)မူရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

**ဒေါ်ခင်ကြည်(ခ)လီလီဝင်း**
**(၂၆) မြဝတီလမ်း(၁)ရပ်ကွက်၊ မရမ်းကုန်း။**

## အမည်ပြောင်း

မြိတ်မြို့ အထက(၂) အဌမတန်းအောင် အဖဦးဝင်းညွန့်၏သား မောင်သူသူအောင်အား မောင်ငြိမ်းအေးစံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ငြိမ်းအေးစံ။**

## အမည်ပြောင်း

အဖ ဦးသန်းဝင်း မှတ်ပုံတင်အမှတ် ၁၂/ဗဟန(နိုင်)၀၈၀၃၆၉ ၏ သမီး မမြသင်းကြူကြူ (V1-A၊ ထ–၂) လသာအား မမြတ်သီရိကြူကြူဟု ခေါ်ပါရန်။

**မမြတ်သီရိကြူကြူ။**

## Golden Hope

ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ငှားရန် ကားမျိုးစုံ အဆင်သင့်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
295556,703220, 4412519

## ဒေါ်သန်းမြင့်မေ(ခ)ချိုကင်(မ်)ကြည်ထံလွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်းအများပြည်သူသိရှိရန် ဒုတိယအကြိမ်ကြေညာခြင်း

ဒေါ်ရီ (အေစီ–၀၃၆၉၆၁)(ယခင် အမှတ်–၄၂၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်)နှင့် ဦးလှမြင့် ၃/ဘအန (နိုင်) ၁၃၃၄၆၅ အမှတ်–၄၅၊ ကျောင်းလမ်း၊ အလုံမြို့နယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အမှတ်–၆၁၊ သုခလမ်း လမ်း(၅၀) လှိုင်မြို့နယ်[ယခင် ရန်ကုန်မြို့ အင်းစိန်တိုက်နယ် မြေတိုင်းရပ်ကွက် အမှတ်(၁၄) မြေကွက်အမှတ် (၅/မ–၆၀)+(၅/မ–၆၁)မြေပိုင်မြေဧရိယာ ဝဒသမ၀၂၉ဧကရှိမြေကွက်]ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ရီနှင့်ဦးလှမြင့်တို့က ဒုတိယဗိုလ်မှူးကြီးစိန်ညွန့် အမ်အမ်အို–၂၅၄၆၇ အမှတ်–၁၁၀ ကင်းဘဲ(လ်)လမ်း ဗဟန်းမြို့နယ်ထံမှ ၁၀–၄–၁၉၈၉ရက်က အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အထက်ပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ ဒေါ်ရီတစ်ဦးတည်းက ဒေါ်သန်းမြင့်မေ(ခ)ချိုကင်(မ်)ကြည် ကေတီဒီအေ–၀၀၅၄၈၅ထံ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၇–၈–၁၉၈၉ရက်က အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၁၂) ဖြင့် ကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားခဲ့ပါသည်။ အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာကို ၁၂–၁၀–၂၀၀၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ကြေညာပြီးကတည်းက ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း ထပ်မံကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးလှသိန်း(B.A,LL.B)** | **ဒေါ်စန္ဒာသိန်း(LL.B,D.B.L)** |
| **တရားရုံးချုပ်ရှေ့နေ (စဉ်–၆၀၀၄)** | **အထက်တန်းရှေ့နေ (စဉ်–၂၄၅၈၂)** |
| **တိုက်–၉၊ ဒုတိယထပ်၊ ၃၆လမ်း** | **တိုက်–၉၊ ဒုတိယထပ်၊ ၃၆လမ်း** |
| **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**မော်လမြိုင်မြို့ မွန်ပြည်နယ်တရားရုံး**
**၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်–၄၂**

| | | |
|---|---|---|
| ဒေါ်အုံးမြင့်(ခ)ဒေါ်ငယ် | **နှင့်** | မမြပါ(၁၁) |
| **တရားလို** | | **တရားပြိုင်များ** |

၁။ မစန်းအေး ၂။ မဖြူဝင်း ၃။ မစန်းစန်းယု ၄။ မအေးအေးခိုင် ကွမ်တာကျေးရွာ မုဒုံမြို့နယ် ယခင်နေရပ်လိပ်စာ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်အုံးမြင့်(ခ)ဒေါ်ငယ်ကအမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၇ ခုနှစ် ဇွန် ၄ ရက် (၁၃၆၉ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် မေ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သင်းသင်းနွဲ့**
**တွဲဖက်ပြည်နယ်တရားသူကြီး**
**မွန်ပြည်နယ်တရားရုံး၊ မော်လမြိုင်မြို့။**

# မန္တလေးတိုင်း ၂၀၀၇ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်

**ရန်ကုန် မေ ၁၇**

မန္တလေးတိုင်း ၂၀၀၇ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၈ရက် နံနက် ၁၀နာရီက ၃၁လမ်း၊ ၇၁ x ၇၂လမ်းကြား မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

## အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယခုနှစ်ချမှတ်ထားသော ကြက်ခြေနီဆောင်ပုဒ်သည် ‘Together for Humanity’၊ **“လူမှုကရုဏာစာနာရေး၊ ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေး”** ဆိုသည့်အတိုင်း လူမှုကရုဏာလုပ်ငန်းများတွင် စာနာမှု၊ ကြင်နာမှုများ အရင်းတည်ပြီး အောင်မြင်အောင် ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်ကြရမည်ဖြစ်သည့်အတွက် ကြက်ခြေနီအဖွဲ့အစည်း၏ အစဉ်အလာ၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ကျေပွန်အောင် ဆက်လက်ဆောင်ရွက်ရေး၊ ကြက်ခြေနီအသင်းနှင့် တပ်ရင်းတပ်ဖွဲ့များ ဖွဲ့စည်းမှုကို မှန်ကန်စွာနှင့် စုစည်းတည်ဆောက်ရေး၊ အမျိုးသားရေးတာဝန် ကျေပွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ရေး၊ ကြက်ခြေနီအဖွဲ့အစည်းဝင်အလွှာအားလုံးကို အမျိုးသားရေးစွမ်းအားစုများဖြစ်လာအောင် ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်နေရာတွင် ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## မိုးလေဝသ အခြေအနေ (၁၈-၅-၂၀၀၇)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

# အသင်းဝင်များ ပြည်သူနှင့်လက်တွဲ၊ နိုင်ငံဖွံ့ဖြိုးရေးကြိုးပမ်း အရည်အချင်းပြည့်ဝသူများဖြစ်လာရေး လေ့ကျင့်ပျိုးထောင်

ရန်ကုန် မေ ၁၇

**ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံကြံ့ခိုင်ရေး သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို မေ ၇ရက် နံနက် ၉နာရီက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ဥက္ကဋ္ဌများ၊ မြို့နယ်ဥက္ကဋ္ဌများ၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။**

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ တိုင်းမှူးက စစ်မှန်သောအမျိုးသားရေးအင်အားစုဖြစ်သည့် အသင်းဝင်များသည် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပြီး အရည်အချင်းပြည့်ဝသော အသင်းဝင်များဖြစ်လာအောင် လေ့ကျင့်သွားရေး အမှာစကားပြောကြားကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

## တက်ရောက်

အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၁၀၀နှင့် သင်တန်းသူ ၅၀တို့ တက်ရောက်ကြသည်။

မွန်းလွဲ ၁နာရီတွင် တိုင်းမှူးသည် ရောရွှေဝါခန်းမ၌ ပြုလုပ်သော ဧရာဝတီတိုင်း ၂၀၀၇-၂၀၀၈ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားကာ အခမ်းအနားသို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ဥက္ကဋ္ဌများ၊ မြို့နယ်ဥက္ကဋ္ဌများ၊ စက်ရုံ၊ အလုပ်ရုံ၊ လမ်းတံတား၊ ဆည်မြောင်း၊ မြစ်ရေတင်စီမံကိန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၃* ●

# ပြည်နယ်နှင့် တိုင်း ၁၈နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲဆက်

**ရန်ကုန် မေ ၁၇**

အားကစားဝန်ကြီးဌာန အားကစားပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၁၈နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ကျင်းပရာ အမျိုးသမီး ပထမအကြိုဗိုလ်လုပွဲတွင် ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအသင်းက မန္တလေးတိုင်းအသင်းကို ၅၀မှတ်-၁၉မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်း အသင်းက ပဲခူးတိုင်းအသင်းကို ၆၂မှတ်-၂၅မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ရန်ကုန်တိုင်းအသင်းနှင့် စစ်ကိုင်းတိုင်း အမျိုးသမီး အသင်းတို့ ဗိုလ်လုပွဲဆင်နွှဲကြရမည်ဖြစ်ပြီး ပူးတွဲတတိယနေရာကို မန္တလေးတိုင်းအသင်းနှင့် ပဲခူးတိုင်းအသင်းတို့ ရရှိသွားကြသည်။

## ဗိုလ်လုပွဲတက်ရောက်

အမျိုးသားအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းက မန္တလေးတိုင်းအသင်းကို ၁၀၄မှတ်-၄၃မှတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက ပဲခူးတိုင်းအသင်းကို ၄၆မှတ်-၃၈မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

## မေ ၁၈ ရက် ဗိုလ်လုပွဲ

**အမျိုးသားပြိုင်ပွဲ**

ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)

**အမျိုးသမီးပြိုင်ပွဲ**

ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်း။

**(မြန်မာ့အလင်း)**

**အမျိုးသားအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းမှ မန္တလေးတိုင်းအသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားစဉ်။** (မြန်မာ့အလင်း)

**သတင်းမှတ်စုနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)**

## မှတ်သားဖွယ်ရာမိုးရေချိန် (၁၇-၅-၂၀၀၇)

| | |
|---|---|
| ကသာမြို့ | ၂ ဒသမ ၉၂ လက်မ |
| မော်လိုက်မြို့ | ၂ ဒသမ ၅၂ လက်မ |
| သံတွဲမြို့ | ၂ ဒသမ ၃၆ လက်မ |
| မချမ်းဘောမြို့ | ၂ ဒသမ ၂၈ လက်မ |
| ဗန်းမော်မြို့ | ၁ ဒသမ ၉၃ လက်မ |